မြဝတီ နေ့စဉ်
မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

မိမိထက် အသက်သိက္ခာ ဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၇၈) ■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ အင်္ဂါနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ကျန်းမာရေးဝန်ကြီးဌာနဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

ပြည်သူတစ်ဦးချင်းစီ၏ကျန်းမာရေးကိုစောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာနဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ငေ၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးတင်မောင်ထင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အငြိမ်းစားကျန်းမာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန၊

စာမျက်နှာ ၅ ကော်လံ ၁ ★

ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်တစ်ဦးအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိခန့်အပ်လွှာများပေးအပ်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည်သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း

စာမျက်နှာ ၁၅ ကော်လံ ၁ ၁



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်း တစ်ဦးအား အလုပ်အကိုင်ရရှိရေးအတွက် မလေးရှားနိုင်ငံသို့ စတင်စေလွှတ်

နေပြည်တော် အောက်တိုဘာ ၁၂

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သူများအနက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့ဆန္ဒပြုသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ထိုသို့သွားရောက်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့်အလုပ်အကိုင်များရရှိစေရေး၊ ဝန်ဆောင်ခများသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် သွားရောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့်ချိတ်ဆက်၍

စာမျက်နှာ ၁၂ ကော်လံ ၄ ●

● ယနေ့ မြဝတီ ဖတ်စရာ ●

(၇၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွှေချယ်ရေး စာမေးပွဲ ကျင်းပမည်
စာ - ၂ သို့

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ
စာ - ၇ သို့

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၇၉)ကြိမ်မြောက် တိပိဋကရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၉)ကြိမ်မြောက် တိပိဋကရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြိုးကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၀၂၇ ခုနှစ် ဧန်နဝါရီလ ၂၄ ရက်အထိ ၃၃ ရက် တိုင် တိုင် ရန် ကုန် မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိဝိဇယမင်္ဂလာဓမ္မသဘင်၌ လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်၌ လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လျှုဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ညွှန်ကြားရေးမှူးဖုန်း-၀၉-၄၄၂၂၂၈၄၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၃၀၆၇၁၆၈ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကရ တိပိဋကကောဝိဒ ဩဝါဒိစရိယဆရာတော်ကြီးကိုးပါး၊ ပဋ္ဌာန ဆရာတော်လေးပါး၊ ကြီးကြပ်ရေး ဆရာတော်လေးပါး၊ စာထောက် စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန် စာရင်းသွင်းသံဃာ ၂၈၆ပါး၊ သဘော ရေးဖြေ စာရင်းသွင်းသံဃာ ၂၆၇ ပါး၊ စုစုပေါင်း ၇၄၂ ပါးတို့ ကြွရောက် တော်မူကြမည်ဖြစ်ကြောင်းသာသနာ ရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

ချမ်းအေးသာစံမြို့နယ်၌ အပူရှောင်စခန်းဖွင့်လှစ်မည့်နေရာများအား ကွင်းဆင်းစစ်ဆေး

မန္တလေး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီးချမ်းအေးသာစံမြို့နယ်အတွင်း ကန်ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်းမဓ္ဓာရုံနှင့် သီရိဟေမာ အရှေ့ရပ်ကွက်ရှိ အိမ်တော်ရာ ဘုရားမဓ္ဓာရုံတို့၌ အပူရှောင်စခန်းဖွင့်လှစ်သွားမည့် နေရာများကို အောက်တိုဘာလ ၁၁ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော် မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒီဇြိမ်းမြတ်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အပူရှောင်စခန်းများတွင် အပူဒဏ်ကာကွယ်နိုင်သည့် ပစ္စည်းများထားရှိစေရေး၊ သောက်သုံးရေများအတွက် ရေသန့်စက်များနှင့် ရေတိုင်ကီပီပါများထားရှိစေရေး၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် Mobile Toilet များထားရှိစေရေး၊ လေအေးပေးစက်ထားမည့်နေရာများအား ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါအပူရှောင်စခန်းများတွင် ရေတိုင်ကီများ ရေပြတ်လပ်မှုမရှိစေရေးအတွက် အရန်မီးသတ်ရေယာဉ်အား အဆင်သင့်ထားရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်အတွက် ပရဟိတအဖွဲ့များနှင့် အရေးပေါ်လူနာတင်ယာဉ်များထားရှိစေရေး၊ အပူရှောင်လာသည့် မိဘပြည်သူများအား စာရေးသောက်ရေးအတွက် နေရာစီစဉ်ထားရှိမှုများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း၊ Agro-based Industries များနှင့်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန်၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်အထိ တန်ဖိုးကွင်းဆက်တစ်လျှောက်ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးအတွက် **"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့"** အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပြီးခဲ့သည့်လက ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် လုပ်ငန်းစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် မူဝါဒနှင့် Action Plan များအဖြစ် ပြောင်းလဲပြီး Agro-based Industries ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရပေမည်။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်သည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့အတွက် အရေးကြီးသည့် ပထမခြေလှမ်းပင်ဖြစ်သည်။

ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၅ ရက်က ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး၌အမှာစကား ပြောကြားစဉ် **"ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်ကချမှတ်ဆောင်ရွက်လျက်ရှိသည့်မူဝါဒ၊ ရည်မှန်းချက်များအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးထားသည့်ရန်ပုံငွေများနှင့် ယခုထပ်မံခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေများကို အကျိုးရှိထိရောက်စွာဖြင့် အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန် လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ပေါ်ပေါက်လာရေးအတွက် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာအသုံးစရိတ်များ၊ လျှပ်စစ်နှင့်စွမ်းအင်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအပါအဝင် အခြားကဏ္ဍများတွင်လည်း အသုံးစရိတ်များကို လိုအပ်ချက်နှင့်အညီ နှစ်စဉ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။ ။

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၁၀-၂၀၂၆(အင်္ဂါနေ့)

၁။	၀၈:၀၀	နှလုံးသားဝယ် ဘုရားတည်	
၂။	၁၁:၅၀	လှပကျန်းမာ	
၃။	၁၄:၅၀	Behind The Success	
၄။	၁၆:၀၀	တပ်မတော်စာတိုက်ခန်း	
၅။	၁၇:၀၀	ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ	
၆။	၂၁:၂၀	Memory Box	

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၁၆၉၃၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းစနစ်တကျနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံတကာခရီးသွားဈေးကွက် ပြန်လည်ဦးမော့လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို ဘက်စုံအထောက်အကူပြုနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍအကြား ဟန်ချက်ညီညီပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရုံးအမှတ် (၃၃)၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ယဉ်ကျေးမှု၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်ကဏ္ဍတစ်ရပ်ဖြစ်ရုံသာမက နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အလွန်အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

သို့ဖြစ်၍ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များအနေဖြင့် ပိုမိုကောင်းမွန်သည့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအနာဂတ်ကို တည်ဆောက်နိုင်ရန်နှင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ တွင်လည်း ညီညီညွတ်ညွတ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားမြှင့်တင်ရေးစီမံကိန်းများရေးဆွဲနိုင်ရေးနှင့် ထင်ရှားသော ၁၂ လရာသီပွဲတော်များ၊ ခရီးစဉ်ဒေသများအလိုက် ခရီးသွားထုတ်ကုန်သစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားအကြံပြုချက်များ (Travel Advisories)ထုတ်ပြန်နိုင်ရေးနှင့် နိုင်ငံပိုင်မီဒီယာ၊ ရုပ်သံလိုင်းများနှင့် ပူးပေါင်းကြော်ငြာမှုမြှင့်တင်နိုင်ရေး၊ Digital Tourism လုပ်ငန်းစဉ်များဖြစ်သည့် Online Booking ဝန်ဆောင်မှုများ၊ e-Ticketing များနှင့် AI နည်းပညာအသုံးပြုမှုများ ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လက်ရှိလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အနာဂတ်အလားအလာများ၊ တွေ့ကြုံနေရသည့်စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

မြဝတီ

နိုင်ငံ့သားကောင်း

❖ ကိုယ့်နိုင်ငံ ကိုယ့်ပိုင်နက်
အသက်နှင့် ထပ်တူ
မှတ်ယူလို့ မြတ်နိုး။
ခိုင်သန့်လက်ရယ်နဲ့
နိုင်ငံ့အတွက် တာဝန်ကျေဖို့
ဘိုးဘွားအမွေ လက်ဆင့်ကမ်းကာ
ထမ်းရွက်သယ်ပိုး။

❖ ကိုယ့်နိုင်ငံ ကိုယ့်အသက်
ကိုယ့်ပိုင်နက် ကိုယ့်ဝိညာဉ်
ထာဝစဉ် အလေးထား။
မျိုးချစ်မောင်တို့
ဖြိုးသစ်အောင် စွမ်းရည်ပြတယ်
တက်ကြွနိုးကြား။

❖ ကိုယ့်နိုင်ငံ ကိုယ့်ဘဝ
ကိုယ့်အလှ ကိုယ့်ဥစ္စာ
နှစ်သက်စွာ မက်မော။
ဘိုးဘွားသွေးပေမို့
အမျိုးသားရေး အမွေခံလို့
ဇာတိမာန် ရှင်သန်ဖြိုးတယ်
မျိုးချစ်စိတ်ဇော။

❖ ကိုယ့်နိုင်ငံ စည်သာအေးလို့
လာမည့်ဘေး ကာကွယ်ရန်။
ဘာမထီ ဇာနည်ဖွားတွေမို့
စိတ်အားထက်သန်။
ရဲစိတ်နှင့် ရဲမာန်
ဇွဲသန်တဲ့ လူမျိုး။
နိုင်ငံ့ဝန် စစ်မှုထမ်းတယ်
စွမ်းရည်ပြည့်ဖြိုး။ ။

မောင်ချစ်ကြည်

M League II 2026-2027 ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၂

M League II 2026-2027 ပြိုင်ပွဲတွင် Rakhine United၊ Yarmanya United၊ University၊ Manaw၊ Royal Dagon၊ Enjoy Brother၊ VUE Nay Pyi Taw၊ Elite Kings၊ Asia Lion နှင့် Junior Lions စသည့် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲဝင်အသင်း ၁၀ သင်း ယှဉ်ပြိုင်မှုပွဲစဉ်များကို ရန်ကုန်မြို့ရှိ Y.U.S.C ကွင်း၊ University ကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

M League II 2026-2027 ပြိုင်ပွဲကို အောက်တိုဘာလ ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် မတ်လတွင် ပြီးဆုံးရန်စီစဉ်ထားကြောင်းသိရသည်။

ယခုရာသီတွင် ပြိုင်ပွဲဝင်အသင်းတစ်သင်းစီအတွက် ထောက်ပံ့ငွေကို ယခင်ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀ အထိ တိုးမြှင့်ပေးထားပြီး AYA Pay Player of the Match ဆုကြေးကိုလည်း ကျပ်နှစ်သိန်းမှ ကျပ်ငါးသိန်းအထိ တိုးမြှင့်ထားကာ ရာသီအကုန်တွင် ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးကစားသမား ဆုကြေးကိုလည်း ယခင်ပေးအပ်



သည့် ကျပ် ၁၀ သိန်းအစား ကျပ် သိန်း ၃၀ အထိ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကလပ်အသင်းများအတွက် နိုင်ငံတကာအဆင့်မီ Dong Luc ဘောလုံးများ ပံ့ပိုးပေးအပ်ခဲ့ကြောင်းသိရသည်။

ဝန်းရံခ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၂၆ (အင်္ဂါနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၆:၄၀	မေတ္တာပို့
၃။	၀၇:၀၀	နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၄။	၀၈:၄၅	သီချင်းလက်ဆောင်
၅။	၁၀:၃၅	မွေးမြူသုတ
၆။	၁၁:၂၅	တစ်ချိန်ကသူတို့အကြောင်း
၇။	၁၂:၃၀	မြန်မာသံစဉ်ချိန်းဝင်
၈။	၁၃:၁၅	တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၉။	၁၈:၃၅	ကျန်းမာသုတ

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူဆွေးနွေးပွဲကို အောက်တိုဘာလ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေဒကွိဏသီရိမြို့နယ် ကူဆည်ကျေးရွာအုပ်စုကျေးစာဥ SMU ခန်းမ၌ကျင်းပသည်၊

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသတွင်း ဆီဖူလုံရေးနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အထွက်နှုန်းကောင်းမွန်သည့် သီးနှံမျိုးစေ့များ ရွေးချယ်စိုက်ပျိုးရေးနှင့် နည်းစနစ်ကျ စိုက်ပျိုးပြုစုထိန်းသိမ်းနည်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့်ဒေသခံတောင်သူများက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိုလျှောမှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ





ပုသိမ် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိုလျှောနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးကာရေဖျောင်းများစနစ်တကျ အုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိုလျှောမှုအခြေအနေနှင့် ကာကွယ်ထိန်းသိမ်းမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တမံရေအမြန်ဆုံးလျှော့ချနိုင်ရေးအတွက်တမံရေထုတ်ပြန့်မှ ၄၀၀ ကုဗပေ/စက္ကန့် ရေလျှော့ချမှုအခြေအနေ၊ တမံအောက်ပိုင်း အိုလျှောကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏အပြင် ဘက်မှမြေသားတမံပုံစံတမံအောက်ခြေထောက်ခြင်းအား မြေတူးစက်သုံးစီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း အလျားပေ ၃၀၀၊ အောက်ခြေအကျယ်ပေ ၁၀၀၊ ထိပ်ဝအကျယ်ပေ ၇၀ နှင့်အမြင့် ၁၅ ပေအထိဆောင်ရွက်ပြီးစီးမှု၊ တမံအောက် ခြေထောက် ခြင်းလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသော မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe) အလျားပေ ၅၅၀၊ အောက်ခြေပျမ်းမျှအကျယ် ၂၆ ပေ၊ ထိပ်ဝအကျယ် ၆ ပေ၊ ပျမ်းမျှအမြင့် ၁၀ ပေ ထည့်သွင်းတည် ဆောက် နိုင် ရေးအတွက် မြေပြင်အနေအထားအသေးစိတ် တွက်ချက်ခြင်းနှင့် ကျောက်ကြီးများ စုဆောင်းထားရှိပြီး တည်ဆောက် ရေးလုပ်ငန်းများတစ်ပါတည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အရေးပေါ်ရေပိုလွှဲအား နိမ့်မြင့်မှတ်ရေအမှတ် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနှိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မမြရေလှောင်တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်ဆောင်ရွက်နေသဖြင့် ရေဝါချောင်းနှင့်မမြချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှုအခြေအနေနှင့် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီ၍ ရွှေ့ပြောင်းထားရှိပြီးဖြစ်ကာ ကယ်ဆယ်ရေးစခန်း ၁၄ ခုတွင် အိမ်ထောင်စု ၁၃၂၃ စု၊ လူဦးရေ ၄၇၁၅ ဦး ခေတ္တနေထိုင်လျက်ရှိပြီး ၎င်းတို့၏နေထိုင်စားသောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်ယည်များဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

“ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ၁၄-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၁-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ကမ်ပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်း ပြည်တွင်းစစ်မီးမွှေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့ ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ဖလမ်း အောက်တိုဘာ ၁၂

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာရုံးများနှင့်ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးကို ယနေ့ နံနက်ပိုင်းတွင် ပူးပေါင်းအင်အားဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

ချင်းပြည်နယ် ဖလမ်းမြို့ ယာယီဆေးရုံအတွက် လျာထားသည့် ခြောက်ခန်းတွဲနှစ်ထပ်အိမ်ရာအတွင်း အပြင်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာရုံးများနှင့်ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြို့နယ်လမ်းဦးစီးဌာနရုံး ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဖလမ်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ မြေနေရာ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဆယ်တင်ပစ္စည်းများစနစ်တကျဖယ်ရှားနေရာချထားနေမှု၊ မြို့နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ခရိုင်လမ်းဦးစီးဌာနရုံး သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့်တောင်ဇလပ်ရိပ်သာနှင့် ရိပ်သာပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဥယျာဉ်ခံစိုက်ပျိုးနေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့အင်္ဂါရုပ်နှင့်အညီ ဖြစ်စေရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်သည့် ဖလမ်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဖလမ်းမြို့ မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှုကိုလည်းကောင်း၊ ခရိုင်ထိုင်းရင်းဆေးကုဌာနရုံးအဆောက်အအုံ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံများပြန်လည်ပြုပြင်နေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီးသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် ပစ္စည်းအရည်အသွေးလုပ်ငန်းအရည်အသွေးကောင်းမွန်စေရေး၊ စနစ်တကျဆောင်ရွက်ရန်မှာကြားကာ ဖလမ်းခရိုင်မီးသတ်ဦးစီးဌာနမှမီးလောင်မှုဖြစ်ပါက မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၉၅	၄၇၅၀	၄၇၀၀	၄၆၁၀	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၈၀	၅၀၄၅	၅၀၇၅	၄၇၀၀	၄၈၆၀	၄၇၉၀	၄၇၅၀	၄၇၆၀	၄၉၉၀
95 Ron	၄၇၇၀	၄၉၂၅	၄၈၇၅	၄၇၈၅	၄၉၃၀	၄၉၄၀	၄၉၇၅	၄၈၅၅	၅၂၂၅	၅၂၅၀	၄၈၇၅	၅၀၁၀	၄၉၆၅	၄၉၂၅	၄၉၃၅	၅၁၆၅
HSD (500 ppm)	၄၅၈၀	၄၇၃၀	၄၆၈၅	၄၅၉၅	၄၇၃၅	၄၇၅၀	၄၇၈၀	၄၆၆၅	-	၅၀၄၅	၄၆၈၅	၅၂၂၀	၄၇၇၀	၄၇၃၀	၄၇၄၀	၄၉၆၀
HSD (50 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅	၆၀၃၀	၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀
HSD (10 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅		၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၆၇	၄၄၈၀
95 Ron	၄၅၃၇	၄၆၆၂
HSD (500 ppm)	၄၃၇၁	၄၄၈၀
HSD (50 ppm)	၅၃၂၀	၅၄၄၇
HSD (10 ppm)	၅၃၂၀	၅၄၄၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၃၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ . . .

❖ လက်ရှိ မြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော်တိုးမြင့်လာစေရန်ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ . . .

★ **ရှေ့ဖုံးမှအဆက်**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းမောင်မယ်များက "ကျန်းမာစေသောလက်" တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးသည့်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့်တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့် ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့်အရေးကြီးသည့်မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယနေ့မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သော တာဝန်ကိုကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက်အကောင်းဆုံးအသုံးချကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင်တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့်လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ထို့အပြင် **"ဆေးရုံရှိလျှင်ဆရာဝန်ရှိရမည်"** ဆိုသည့်အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေးအလေးထားပြီး မြို့ပြနှင့်ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိမြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော်တိုးမြင့်လာစေရန် ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်းအစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိခဲ့သော်လည်း ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ပြည့်ဝနေရန် အလွန်အရေးကြီးကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံး လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုလူ့စွမ်းအား အရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် Nay-pyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine)ကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ် (၆)ခုနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ် (၁၁)ခု၊ စုစုပေါင်းတက္ကသိုလ် (၁၇)ခု ရှိလာပြီဖြစ်ကြောင်း။

ထို့အပြင် ဆေးပညာဆိုင်ရာသင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီအဖြစ် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားခြင်းစနစ်ကို ပြောင်းလဲ **စာမျက်နှာ ၆ သို့** ★





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်အပ်လွှာများပေးအပ်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်အပ်လွှာများပေးအပ်စဉ်။

★ **စာမျက်နှာ ၅ မှ**

သင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-professional Education)နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင်လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ်စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ နောင်လာမည့် (၅)နှစ်၊ (၁၀) နှစ်နှင့် (၁၅)နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည် စီမံချက်များကိုလည်း ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှု၊ အဆောက်အအုံနှင့် လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အား တစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီး နောက် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အခြေခံအင်အား တစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီး နောက် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနခွဲ ယခုကဲ့သို့ အလုပ်ဝင်ရောက်လာကြသည်ကို အထူးဝမ်းမြောက်မိကြောင်း၊ နိုင်ငံတော်ကလည်း လိုက်လိုက်လဲလဲကြိုဆိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူလူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင် ဆရာဝန်ကာလ ပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင်လည်း သစ်လွင်ဆရာဝန် (၁၂၇၆)ဦးနှင့် သစ်လွင်သွားနှင့်ခံတွင်းဆရာဝန် (၂၃)ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါအဆိုပါ ဆရာဝန်များသည် တာဝန်ကျရာဒေသများတွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဆေးပညာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်ဖြေဆိုရန် ပြင်ဆင်နေကြပြီဟု သိရှိရကြောင်း။

ထိုသို့ကျန်းမာရေးလူစွမ်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အတူ အရေအတွက်သာမက အရည်အချင်းနှင့်အဘက်ဘက်က ပြည့်စုံသည့်ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ ဖြစ်လာအောင်လည်း ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးလူစွမ်းအားစုများကို သမားဂုဏ်နှင့် အညီ ဆေးပညာကျင့်ဝတ်များဖြင့် ပြည်သူလူထုကို ဦးထိပ်ထားပြီး ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန်စဉ်ဆက်မပြတ်မွေးထုတ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ပြီးဖြစ်သည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အလျောက် သက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းတကွသိုလ်အသီးသီးတို့တွင်လည်း လုပ်ငန်းခွင်အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာပညာရပ်များကို ဆက်လက်သင်ကြားလေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့လာသင်ယူရာတွင် ခွဲရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့်အရည်အချင်းကောင်းများကိုလည်း မွေးမြူသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာပြီဖြစ်သည့်အတွက် မိမိ၏ပညာရပ်ဆိုင်ရာကျင့်ဝတ်ကို ထိန်းသိမ်းခြင်းနှင့်အတူ ရိုးသားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းရှိမှုနှင့်အများပြည်သူအပေါ် လေးစားမှုတို့ကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မိမိကိုယ်တိုင်၏ ဂုဏ်သိက္ခာသာမက ကျန်းမာရေးဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်နေသည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်ရန် တာဝန်ထမ်းဆောင်ရမည့်ဆေးရုံများတွင် သင်တန်းပို့ချပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲမြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကို နားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကို ရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ ကိုယ်ရေးအချက်အလက်နှင့်လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့်လူနာ၏ဂုဏ်သိက္ခာကို လေးစားခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **မိမိတို့ Professional ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတော်ကအားကိုးရသည့် တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း**။

ဆေးပညာရပ်များသည်အမြဲတမ်း တိုးတက်ပြောင်းလဲနေသည်ဖြစ်သည့်အတွက် ယနေ့သိထားသည့် အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ်နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူလေ့လာကြရန်လိုအပ်ကြောင်း၊ ဘဝအတွက်၊ အသိပညာ ဗဟုသုတအတွက် စာဖတ်ခြင်းကို အမြဲမပြတ်ပြုလုပ်ရန်၊ အတွေ့အကြုံရှိသည့်ဆရာကြီး၊ ဆရာမကြီးများထံမှသင်ယူလေ့လာကြရန်၊ မိမိတို့၏လုပ်ဆောင်မှုများကို အမြဲပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့်ကုသမှုမျိုးပေးနိုင်အောင် ကြိုးစားကြရန်၊ သုတေသနပြုလုပ်ပြီး ဆန်းသစ်တီထွင်ကြရန်၊ ကုသရေးတွင် ဒေသတွင်းနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့၏ ပညာရည်အဆင့်မြင့်မားလာစေရေးအတွက် မဟာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိအောင်၊ အထူးကုများ၊ ပါမောက္ခကြီးများ ဖြစ်အောင် လက်ခံရရှိသည့် ခန့်အပ်လွှာသည် ဆက်လက်ကြိုးစားအားထုတ်သွား ရန်လိုကြောင်း၊ ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာ နည်းပညာများကိုလည်း လေ့လာကြရန်အကြောင်းလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါရည်ရွယ်ချက်များအောင်မြင်စေရန် အလွန်အရေးပါသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့မောင်တို့မယ်တို့ကြရန်လည်း အားပေးပြောကြားလိုကြောင်း။

ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာ နည်းပညာများကိုလည်း လေ့လာကြရန်အကြောင်းလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါရည်ရွယ်ချက်များအောင်မြင်စေရန် အလွန်အရေးပါသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့မောင်တို့မယ်တို့ကြရန်လည်း အားပေးပြောကြားလိုကြောင်း။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်-၁(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ"သီချင်းဖြင့် တေးသရုပ်ဖော်ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❖ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်ဖြစ် . . .

❖ မိမိတို့ Professional ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတော်ကအားကိုးရသည့် တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လမ်းညွှန်မှာကြားလို . . .



ဆရာဝန် (သစ်လွင်) ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင် စကား ပြန်လည် ပြောကြားစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်အပ်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက်ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဆရာဝန်(သစ်လွင်) ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်ရှည်ကျန်းမာစွာနေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးလုပ်ငန်းရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက်ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၅ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၅၄ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက၏ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့က ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အစားထိုးခန့်အပ်တာဝန်ပေးလိုသော ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရာထူးနေရာတွင် ခန့်အပ်တာဝန်ပေးလိုသော ဒေါက်တာကိုကိုလွင်တို့အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် သဘောတူကြောင်း ကြေညာမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက သတ်မှတ်ထားသည့်အရည်အချင်းနှင့်မပြည့်စုံကြောင်း ခိုင်လုံသောသက်သေအထောက်အထားဖြင့်ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့်အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ဝင်ငွေအပေါ်အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့်အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် ရှင်းလင်းတည်ငြိမ်သောစည်းမျဉ်းစနစ်များဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသည့်ဥပဒေရေးရာ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မတို့အရညီညွတ်ကိုက်ညီပြီး မိမိတို့နိုင်ငံအတွက်အပြုသဘောဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် စာချုပ်တစ်ရပ်ဖြစ်ခြင်းကြောင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအားကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အတည်ပြုပေးနိုင်ရေး ထောက်ခံပါကြောင်း ဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက ယခုချုပ်ဆိုသည့်စာချုပ်သည် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် အခွန်နှစ်ထပ်ကျသင့်မှုကိုလျှော့ချနိုင်ခြင်း၊ အားပေးနိုင်ခြင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာတားဆီးနိုင်ခြင်း၊ နှစ်နိုင်ငံကြားအခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံစီးပွားရေးကို ပိုမိုခိုင်မာစေခြင်း စသည့်အကျိုးကျေးဇူးကို ရမည်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည်မြန်မာနိုင်ငံအတွက်စီးပွားရေးအကျိုးစီးပွား၊ အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွားနှင့်နိုင်ငံတော်၏ အခွန်ဘဏ္ဍာရေးအကျိုးစီးပွားတို့အတွက် များစွာအကျိုးရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်က အခွန်နှစ်ထပ်ပေးဆောင်ရခြင်း သက်သာခွင့်ရရှိပါက ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြင့်လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်နိုင်ငံယုံကြည်မှုပိုမိုတည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုဖွံ့ဖြိုးလာခြင်း၊ အခွန်ရှောင်မှုနှင့်တရားမဝင်ငွေလွှဲပြောင်းမှုများမှ တားဆီးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရကြား ဝင်ငွေခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုများမှ ကာကွယ်ခြင်းသဘောတူစာချုပ်ကို မိမိတို့မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမှုကို ကြိုဆို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူမကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါသဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော နဝမအကျော့အာဆီယံဆွေးနွေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက်အသက်ဝင်ရေးအတွက် အတည်ပြုစာချုပ်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက အာဆီယံဆွေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ASEAN အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းအား ဖြင့် မြန်မာနိုင်ငံ၏အာမခံလုပ်ငန်းကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍနှင့် အခြားသော ဝင်ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍအောက်ရှိ ကဏ္ဍခွဲများတွင်လည်းကောင်း ဖြေလျှော့ပေးမှုများ ရရှိခြင်းမှတစ်ဆင့် နိုင်ငံတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိနိုင်သဖြင့် နိုင်ငံတော်သမ္မတထံမှပေးပို့လာသော နဝမအကျော့အာဆီယံဝင်ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်အသက်ဝင်နိုင်ရေးအတွက် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုစာချွန်လွှာအား ပြင်ဆင်ပေးပို့နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၆)ဦးအေးပိုင်က မိမိနိုင်ငံအနေဖြင့် အချိန်မီ သံတမန်နည်းလမ်းအတိုင်း “စာချွန်လွှာ” ပေးပို့ထားခဲ့ပါက အာဆီယံနိုင်ငံများ၏ငွေကြေးဝန်ဆောင်မှုတွင် ဖြေလျှော့ပေးမည့် သက်သာခွင့်ကိုလည်းရရှိမည်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ တုံ့ပြန်မှုအခွင့်အရေးများ မဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့် အညီယုံကြည်ကိုးစားမှုကို ရယူစေနိုင်ခြင်းစသည်ဖြင့် မိမိနိုင်ငံရွှင့်ရှိသည့်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိနိုင်ငံအနေဖြင့် စာချွန်လွှာကို သံတမန်နည်းလမ်းအဖြစ်အချိန်မီ ပေးပို့ထားခြင်းမရှိခဲ့ပါက အဆိုပါ ကိစ္စသည် စာရွက်ထဲ၌သာရှိနေပြီး လက်တွေ့တွင်အာဏာသက်ရောက်မှုမရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိနိုင်ငံအနေဖြင့် အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ အဆိုပါစာချုပ်အသက်ဝင်စေရန်အတွက်အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြု “စာချွန်လွှာ”ကို သံတမန်နည်းလမ်းဖြင့် အမြန်ဆုံးပေးပို့ထားသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်က အဆိုပါစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတွင် စီးပွားရေးကုန်ကျစရိတ်များ လျော့ချနိုင်ပါကြောင်း၊ ဒေသတွင်း ဘဏ်များနှင့် အာမခံကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုအားကောင်းလာသဖြင့် Digital Banking Fintech ဝန်ဆောင်မှုများနှင့်သက်သာသော ဝန်ဆောင်ခများ ခံစားခွင့်ရရှိစေပါကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) အနေဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုလွယ်ကူစွာရယူနိုင်ပြီး ကုန်ကျစရိတ်သက်သာသော အာမခံ အကာအကွယ်များရရှိစေပါကြောင်း၊ ပူးပေါင်းစောင့်ကြည့်ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ငွေရေးကြေးရေး၊ ကပ်ဘေးနှင့် အကျပ်အတည်းများကို စုပေါင်းတွန်းလှန်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နဝမအကျော့အာဆီယံဆွေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်သည် အာဆီယံဒေသတွင်း ငွေရေးကြေးရေးစျေးကွက်များ ခိုင်မာစွာပေါင်းစည်းရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးတို့အတွက် အရေးပါသော သဘောတူညီချက်ဖြစ်သဖြင့် အဆိုပါသဘောတူညီချက် အမြန်ဆုံးအသက်ဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေနှင့်ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှဒေါ်အေးအေးမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာတွင်ပါရှိသည့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တင်ပို့နိုင်မှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၊ ပို့ကုန်တွင် ထပ်ဆင့်တိုးတန်ဖိုးကုန်ပစ္စည်းများ၏ပါဝင်မှုအခြေအနေ၊ ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန်အခြေအနေ၊ မြန်မာနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ၊ လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အားနှင့် အရင်းအမြစ်အလိုက်ပါဝင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့်အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ကဏ္ဍအလိုက်တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့်ဇယားပြလမှတ်လကုန် (ယာယီ)ထိ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ **စာမျက်နှာ ၈ သို့**

◗ စာမျက်နှာ ၇ မှ

ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဒေသန္တရစီမံကိန်းများ အကောင်အထည် ဖော်နိုင်မှု အခြေအနေ၊ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် တိုးတက်မှုနှုန်း၊ ပဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ၊ မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သီလဝါအထူး စီးပွားရေးဇုန်၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်နှင့် ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ပအကူအညီအထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရရှိမှု အခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ၌ လူစွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့် အလမ်းမြင့်မားစေရန် ဆောင်ရွက် လျက်ရှိမှု၊ ကျောင်းဆောင်အသစ် များတည်ဆောက်ခြင်း၊ အဆင့် မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းနှင့် အဆောင်များပြင်ဆင်ခြင်းနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက် အအုံများ နှစ်စဉ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့မှု၊ အခြေခံပညာ ကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက် ရရှိရေးနှင့် ဆရာများ၏အရည်အသွေးမြင့်မား ရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းနှင့် ကျောင်းများ အတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင် ရွက်ပေးမှု၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ မြို့ပြနှင့်ကျေးလက် ဒေသများ၌ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆေးရုံ အခြေပြုကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်း ကုသမှုလုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိ ပညာမြှင့်တင်ပေးရန်၊ မကူးစက် နိုင်သောရောဂါများ စောစီးစွာ ရှာဖွေကုသမှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်၊ အရေးပေါ် အခြေအနေများအတွက် ကြိုတင် ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု များ ဆောင်ရွက်ပေးရန်တို့အတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက် ဆိုင်ရာတက္ကသိုလ်များ၊ သင်တန်း ကျောင်းများမှ ကျန်းမာရေး လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှုတို့ကို ရှင်း လင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ဌေစာရင်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက်အစီရင် ခံစာ(၁/၂၀၂၆)ကို ပြည်သူ့ဌေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဦးတေဇကျော်က လွှတ်တော်သို့ အစီရင်ခံစာအား ရှင်းလင်း ဖတ်ကြားတင်ပြပြီး ပြည်ထောင်စု လွှတ်တော်က ဆွေးနွေးစဉ်းစား ပေးနိုင်ပါရန် အဆိုတင်သွင်း သည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး သို့ အမည်စာရင်းတင်သွင်းနိုင် ကြောင်းကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်း အဝေးစတုတ္ထနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာလ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

မြဝတီ

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

သမိုင်းစဉ်ကာလတစ်လျှောက် တွင် နိုင်ငံ့ဂုဏ်တင့်စေရန်အား ထုတ် ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက် ဆက်ပေါ်ထွက်ခဲ့ကြသည့် သူရဲ ကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီး များ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ် ပေးဆပ်မှုများဖြင့် အားထုတ်ကြိုး ပမ်းခဲ့ကြသည့် တပ်မတော်သားများ ၏ ဂုဏ်ယူဖွယ်ရာစွမ်းဆောင်ချက် များအား မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ် စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံ ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည် ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ် ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်း သား၊ ကျောင်းသူများအား တပ်မ တော် စစ်သမိုင်းပြတိုက် (နေပြည် တော်)သို့ လာရောက်လေ့လာနိုင် ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ သည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေး မှုကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာအထက် တန်းကျောင်း(ရွာသစ်ကလေး)၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မင်္ဂလာဒီပနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ပုဇွန်ဆိပ်) တို့မှ ကျောင်းသား၊ ကျောင်းသူများ နှင့် ဆရာ၊ ဆရာမများသည် ယနေ့ တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူ များနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြက္ခဒိန်တွင် ခင်းကျင်းပြသထားသော ခေတ် အဆက်ဆက်အသုံးပြုခဲ့သော တပ်မ တော်လေယာဉ်များ၊ တပ်မတော် (ရေ)ပြင်ပပြက္ခဒိန်တွင်ခင်းကျင်းပြသ ထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါ ဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကြ သည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက် ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြ သည်။ ထို့နောက် ပြတိုက်တာဝန်ရှိ သူများက လာရောက်လေ့လာကြ သော ကျောင်းသား၊ကျောင်းသူများ နှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူ က ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်း သူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထား သည့် ပြခန်းများအားစိတ်ပါဝင် စားစွာ လှည့်လည်ကြည့်ရှုလေ့လာ ခဲ့ကြပြီး သိရှိရပိုသည်များကိုမေးမြန်း ကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေး သည်။

ဆက်လက်၍ ယနေ့လေ့လာ မှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့် ဆုနှင့် အထူးဆုများအဖြစ် ထမင်း ချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေး ကိရိယာများကို ပေးအပ်ချီးမြှင့်ကြ သည်။

ထိုကဲ့သို့လေ့လာရေးလာရောက် ခဲ့ကြသည့် ကျောင်းသား၊ ကျောင်း သူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခု ကဲ့သို့ ကြားသိရပါသည်–

“ဒီနေ့မှာဆိုလို့ရှိရင် ကျွန်မတို့ ကျောင်းကနေပြီးတော့ အလယ် တန်းကလေးနဲ့ အထက်တန်း ကလေးများ လာရောက်လေ့လာ လိုက်တဲ့အခါမှာ အကျိုးကျေးဇူးများ တော်တော်ရတာကို တွေ့ရှိရပါ တယ်ရှင်။ ကျွန်မတို့ တချို့သင်ခန်း စာတွေဆိုလို့ရှိရင် ကျောင်းသင်ခန်း စာထဲမှာ စာသားအနေနဲ့ပဲ ကျွန်မ တို့ မြင်တွေ့ခဲ့ရတာပေါ့နော်။ ဥပမာ စစ်အင်္ဂါခင်းတာတွေ၊ နောက် ပြီး စစ်ချီ စစ်တပ်၊ စစ်ထိုး၊ စစ်ခံ စတဲ့





ပြတိုက်အတွင်းခင်းကျင်းပြသထား သည့် ပြခန်းများအားစိတ်ပါဝင် စားစွာ လှည့်လည်ကြည့်ရှုလေ့လာ ခဲ့ကြပြီး သိရှိရပိုသည်များကိုမေးမြန်း ကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေး သည်။

ဆက်လက်၍ ယနေ့လေ့လာ မှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့် ဆုနှင့် အထူးဆုများအဖြစ် ထမင်း ချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေး ကိရိယာများကို ပေးအပ်ချီးမြှင့်ကြ သည်။

ထိုကဲ့သို့လေ့လာရေးလာရောက် ခဲ့ကြသည့် ကျောင်းသား၊ ကျောင်း သူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခု ကဲ့သို့ ကြားသိရပါသည်–

“ဒီနေ့မှာဆိုလို့ရှိရင် ကျွန်မတို့ ကလေးတွေကို ကျွန်မတို့ ဒီမှာ ဆိုလို့ရှိရင် ပုံစံငယ်တွေနဲ့တကွ သင်ပြနိုင်တယ်၊ ဒါအရမ်းကို အကျိုးကျေးဇူးရှိပါတယ်ရှင်။ ပြီး တော့ ကျောင်းသား၊ ကျောင်းသူ တွေအနေနဲ့ဆိုတော့လည်း တပ်မ တော်ရဲ့ အခန်းကဏ္ဍတွေ၊ လုပ် ဆောင်ချက်တွေဆိုတာ အလှမ်း ဝေးတယ်ပေါ့ရှင်။ အဲဒါ ကလေး တွေအနေနဲ့ တပ်မတော်စစ်သမိုင်း ပြတိုက်ကိုရောက်တဲ့အခါမှာ သူတို့ အရမ်းပျော်နေတာကို တွေ့ရပါ တယ်။ လေယာဉ်တွေ၊ တင့်ကား တွေ၊ တပ်မတော်ရဲ့ စစ်ရေယာဉ် တွေကို ထိတွေ့ကိုင်တွယ်ပြီး အသုံး ပြုရတဲ့အခါမှာ တက်ရောက်ပြီး လေ့လာခွင့်ရတဲ့အတွက် ပျော်နေ ကြတာကိုတွေ့ရှိရတယ်။ ကျွန်မတို့ ဆရာ၊ ဆရာမများအနေနဲ့ ကလေး တွေပျော်ရင်တော့ ကျွန်မတို့လည်း အင်မတန်ပျော်ရွှင်မိပါတယ်။ အခုလို လာရောက်လေ့လာနိုင်အောင် စီစဉ် ပေးတဲ့ နိုင်ငံတော်အကြီးအကဲ များနှင့် တာဝန်ရှိသူများအားလုံး ကိုလည်း ကျေးဇူးအထူးတင်ရှိပါ ကြောင်း ပြောကြားလိုပါတယ်ရှင်” ဟု ပြောသည်။

“အခုလိုမျိုးလာရောက်လေ့လာ ရတဲ့အခါမှာ ဗဟုသုတတွေ အများ ကြီးစုံလင်ပြီးတော့ တပ်မတော်ရဲ့ (ကြည်း၊ ရေ၊ လေ)သုံးခုရဲ့အဓိပ္ပာယ် တွေကိုလည်း ဒီကတာဝန်ရှိလူကြီး မင်းများက ပြည့်ပြည့်စုံစုံရှင်းပြခဲ့ တယ်။ အဲဒီအတွက်ကြောင့် ကျွန်မ တို့ ယခင်က မသိခဲ့တဲ့ (ကြည်း၊ ရေ၊ လေ)တပ်မတော်ရဲ့ လက်နက် ကိရိယာတွေ၊ စစ်သင်္ဘောတွေ၊ စစ်လေယာဉ်တွေရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ကျွန်မတို့ သိခဲ့ရပါ တယ်ရှင်။ အခုလိုမျိုး တာဝန်ရှိ လူကြီးမင်းတွေ စီစဉ်ပေးတဲ့အတွက် စာထဲမှာ ကြားသိနေရတဲ့အရာတွေ ကို လက်တွေ့အပြင်မှာ တွေ့ရ တယ်။ အဲဒီတော့ အရမ်းကို ဗဟုသုတရပြီး အရမ်းကိုလည်း စိတ်ဝင်စားဖွယ်ကောင်းတယ်။ အခုလိုမျိုးပို့ဆောင်ပေးတဲ့ နိုင်ငံ တော်က လူကြီးမင်းတွေနဲ့ တာဝန် ရှိတဲ့လူ အကုန်လုံးကို အထူးပင် ကျေးဇူးတင်ပါတယ်ရှင်”ဟုပြော သည်။

(၁၀၀)

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ်ဝက် စာမေးပွဲများ စတင်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၂

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)တန်းမှ ဒုတိယနှစ် ဝိဇ္ဇာတန်းအထိ ပထမနှစ်ဝက် စာမေးပွဲများကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ စာသင်ဆောင်များ၌ စတင်ကျင်းပ သည်။

အဆိုပါစာမေးပွဲများသို့ ပြည်တွင်း၊ ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၁၆ ပါး/ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲများကို အောက်တိုဘာလ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

စာမေးပွဲများ ကျင်းပနေမှုကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဇဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယ ပါမောက္ခချုပ် (သင်ကြား)ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနောဓိဉာဏ အမှူးပြုသော သင်ကြားဆရာတော်ကြီး များ၊ ဒုတိယ ပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ ကြွရောက်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

မြဝတီ

ရွှေတောင်မြို့နယ်အတွင်းရှိကျေးရွာများ၌ ပဲတောင့်ရှည်စိုက်ပျိုးတောင်သူများ အပိုဝင်ငွေရရှိ



ရွှေတောင် အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိဒေသခံ တောင်သူများအနေဖြင့် လယ်ယာ၊ ဥယျာဉ်ခြံမြေများနှင့် မြေလွတ်မြေရိုင်းများ၌ မိရိုးဖလာစိုက်ပျိုးရေး လုပ်ငန်းများဖြစ်သည့် သီးပင်စားပင်များ၊ ဟင်းသီးဟင်းရွက်များကို အဓိကထားစိုက်ပျိုးရောင်းချလျက်ရှိရာ ပဲတောင့်ရှည်စိုက်ပျိုးတောင်သူများ မိသားစုအပိုဝင်ငွေရရှိနေကြောင်း သိရသည်။

ပဲတောင့်ရှည် စိုက်ပျိုးရာ၌ စိုစွတ်သောရာသီဥတု (နုန်းမြေ၊ သဲနုန်းမြေ)တွင် တိုင်ထောင်စနစ်ဖြင့်စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းနိုင်သော်လည်း ရာသီမရွေးစိုက်ပျိုးနိုင်သော ပဲအမျိုးအစားဖြစ်ကြောင်း၊ စိုက်ပျိုးထားသော ပျိုးပင်များကို ရေလောင်းပေးခြင်း၊ ဖူးပွင့်စအချိန်တွင် အပွင့်များ ပိုးမကိုက်စေရန်နှင့် အပင်ရှင်သန်ကြီးထွားစေရန် ကြားပေါင်းလိုက်ခြင်းအပြင် သဘာဝမြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ရန် ပိုးသတ်ဆေးများကို အထိုက်အလျောက် သုံးစွဲပေးရကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် ပဲတောင့်ရှည်များကို တစ်ရက်ခြားခူးဆွတ်ရောင်းချရသည့်အတွက် ပိုမိုစိုက်ပျိုးလာကြကြောင်း၊ ခူးဆွတ်ရရှိသော ပဲတောင့်ရှည်များကို ကျေးရွာရှိ စားသုံးသူများ၊ အရောင်းအဝယ်ဒိုင်များထံ လက်လီ၊ လက်ကားရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

ချီဖွေ အောက်တိုဘာ ၁၂

ကချင်ပြည်နယ် ချီဖွေခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ကွပ်ကဲမှု အောက်ရှိ မြို့နယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို အောက်တိုဘာလ ၁၂ ရက်တွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ချီဖွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်း တက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် ငွေစာရင်းလက်စွဲစာအုပ်များကို သင်တန်းသား၊ သင်တန်းသူများထံ အသီးသီး လွှဲပြောင်းပေးအပ်သည်။

ယင်းသင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ အခြေခံအချက်များ၊ ငွေစာရင်းပုံစံရေးသွင်းနည်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းများနှင့်စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်း စသည့်သာသာရပ်များကို ကျွမ်းကျင်ဆရာ၊ ဆရာမများက ၁၀ ရက်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ပိုးသခင်(ကျေးလက်)

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပျော့ပိသာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ငပုတော အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ကဏန်းပျော့ပိသာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းလွဲ၏ပြောကြားချက်အရ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ကဏန်းပျော့ပိသာ ၄၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ ကဏန်းပျော့ပိသာ ၇၀၀၀၀ ခန့်၊ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမိုဝယ်ယူလာပါတယ်။ ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ကဏန်းပျော့ပိသာ ၇၀၀၀၀ လောက်တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်များများတင်ပို့ရပါတယ်။ ဒေသထွက်ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု ဒေါ်ဝင်းလွဲကပြောသည်။

အဆိုပါ ကဏန်းပျော့များ အရောင်းအဝယ်ဖြစ်ပြီး ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**



ဆောင်းကြက်သွန်စိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်

မိတ္ထီလာ အောက်တိုဘာ ၁၂

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ဆောင်းကြက်သွန်ဇက ၁၄၃၅၀ စိုက်ပျိုးရန် လျာထားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းကြက်သွန်စိုက်ကေများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြက်သွန်စိုက်ပျိုးမည့်တောင်သူများအား ကြက်သွန်မျိုးစေ့ထုတ်လုပ်ရေး၊ ပိုးမွှားရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းများအကြောင်း သိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်းကြက်သွန်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို တခြားဒေသများသို့ရောင်းချနိုင်သဖြင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုစစ်ဆေး

အောင်လံ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောင်လံ-ပြည်ကားလမ်းမှ ငှါပျင်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းမ၌ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ အောင်လံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစိုးမင်းနိုင်နှင့် တာဝန်ရှိသူများက အောင်လံ-ပြည်ကားလမ်းမှ ငှါပျင်းကျေးရွာသို့ဆက်သွယ်ထားသောလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အောင်လံ-ပြည်ကားလမ်းမှ ငှါပျင်းကျေးရွာသို့ဆက်သွယ်ထားသောလမ်း၌ အရှည် ၁ မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မ မြေနီခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ် ၁၄၄ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယခုနှစ်ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါမြေနီခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဌေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၅ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားကွင်းအား အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် ဝန်ထမ်းအင်အားဖွဲ့စည်းပုံအတိုင်းအပြည့်အဝ ထားရှိပေးနိုင်ပါရန် ၂၀၂၆ - ၂၀၂၇ (RE ဘတ်ဂျက်) ဖြည့်စွက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်းကို ၁၉၆၉ ခုနှစ်တွင် မြေဧရိယာ ၉ ဒသမ ၅၇၅ ဧကပေါ်၌ တည်ဆောက်ခဲ့ပြီး အဆင့်မီ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်အဆိုပါ အားကစားကွင်း အုတ်တံတိုင်း ပေ ၁၀၀၀ ကာရံခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းမှ ငွေကျပ် ၁၄၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောက်ဆည်ခရိုင် အားကစားခန်းမ (အလျား ပေ ၁၂၀၊ အနံ ပေ ၉၀) အမိုးပြုပြင်ခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် ပြတင်းမှန်၊ အလင်းမှန်များပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၀၈၀၊ ရိုးရိုးတန်းပွဲကြည့်စင် (အလျား ပေ ၆၀၊ အနံ ၂၃ ပေ) ၂ စင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

၄၁၄ သန်း၊ ဂါလန် ၉၀၀ ဆုံ (၆ ပေ ပတ်လည်) အုတ်ရေစင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ အားကစားသမားနားနေဆောင် (အလျား ၃၃ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေ)ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၈ ဒသမ ၉ သန်း၊ လုပ်ငန်း ၄ ခုအတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၁၆၄၇ ဒသမ ၉ သန်းအား မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှသုံးစွဲရန်ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ဆည်ခရိုင်ဘောလုံးကွင်း ၂ ပေထု မြေဖို့အဆင့်မြှင့်တင်ခြင်းနှင့် မီတာ ၄၀၀ ပြေးလမ်းကျောက်မှန့်ခင်းခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၁ ဒသမ ၇၉၄ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ အတွက် ကျောက်ဆည်ခရိုင်တွင် အငယ်တန်းစာရေး ၁ ဦး၊ လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၁ ဦး၊ ရုံးအကူ ၁ ဦး၊ အမှုထမ်း ၃ ဦးနှင့် ကျောက်ဆည်မြို့နယ်တွင် ရုံးအကူ ၁ ဦး စုစုပေါင်း အမှုထမ်း ၄ ဦး လိုအပ်မည်ဖြစ်ပါကြောင်း၊ ခန့်အပ်ရန် ကျန်ရှိသည့် အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှော့ကထား လာပါကဒေသခံများအား ဦးစားပေး ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ၁ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဝန်ကြီးဌာနအနေဖြင့် တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဆောက်လုပ်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာ တောင်းခံသွားမည်ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ အဆောက်အအုံဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ် အနောက်ခြမ်းတောင်ဂိုးဒေသခုံကြီးကျေးရွာအုပ်စုတလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာ ဆက်သွယ်သည့် သဲဖြူချောင်းကူးတံတားဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲဖြူချောင်းကူးတံတားတည်ဆောက်ရမည့်နေရာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မဲဇလီကုန်း - ချင်းကုန်း - မကျည်းပင်ကွင်းလမ်း၊ ကျောက်လမ်း ၂ ဖာလုံ၊ မြေသားလမ်း ၉ မိုင် ၁ ဖာလုံ စုစုပေါင်းလမ်းမိုင်အရှည် ၉ မိုင် ၃ ဖာလုံရှိ Class (A)အဆင့် လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာကို ဆက်သွယ်သည့် သဲဖြူချောင်းအားဖြတ်၍ ဆောက်လုပ်လိုသည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတွင်တည်ဆောက်ထားသော တံတားဟောင်းမရှိဘဲ နွေရာသီတွင် ချောင်းအတွင်းမှဖြတ်သန်းသွားလာပြီး မိုးရာသီတွင် ချောင်းရေမြင့်တက်မှုကြောင့် ဖောင်များဖြင့်သာသွားလာရပါသဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ပေ ၂၀ ချောင်းကူးတံတားအသစ် ၁စင်းတည်ဆောက်လိုခြင်း ဖြစ်ပါကြောင်း။

သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၃၈၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ တံတားအသစ်တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာမှုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ မဲဇလီကုန်း-ချင်းကုန်း-မကျည်းပင်ကွင်းလမ်းပေါ်ရှိ သဲဖြူချောင်းကူးတံတားအသစ် ၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးသာယာ၊ ညောင်ရွှေ၊ နန်းပန်၊ တုံဟုန်း၊ ပင်လောင်းကတ္တရာလမ်းမကြီးမှနန်းပန်-ဓာတ်တော်ရွှေဦးလမ်း၊ ဓာတ်တော်ရွှေဦး - နမ့်လီလမ်း၊ နမ့်လီ - ပွေးတောင်၊ ထီဝါးမျိုးလမ်းနှင့် ထီဝါးမျိုး - ထီဖူး - ထီနို့ - နားဟီးလမ်းတို့ ဆက်သွယ်ထားသော စုစုပေါင်းလမ်းမိုင်အရှည် ၁၈ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိသည့် မြို့နယ်ချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ညောင်ရွှေမြို့နယ် နန်းပန်-ဓာတ်တော်ရွှေဦးလမ်း၊ ဓာတ်တော်ရွှေဦး-နမ့်လီလမ်း၊ နမ့်လီ-ပွေးတောင်-ထီဝါးမျိုးလမ်းတို့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းများဖြစ်ပြီး ကတ္တရာလမ်း ၂ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၄ ဒသမ ၉၆ ဖာလုံ၊ မြေသားလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၃ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိပါကြောင်း။

ဓာတ်တော်ရွှေဦး- နမ့်လီလမ်းတွင် မြေသားလမ်း ၃ မိုင် ၂ ဖာလုံရှိသည့်အနက် ၁ မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောအမာခံကျောက်လမ်းအဖြစ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း။

တောင်ကြီးမြို့နယ် အတွင်းရှိ ထီဝါးမျူး-ထီဖူး-ထီနို့-နားဟီးလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၅ မိုင် ရှိပါကြောင်း၊ အဆိုပါလမ်းသည် ဒေသမှကိုယ်ထူကိုယ်ထဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ မြေသားလမ်း ၅ မိုင်တွင် ကျောက်လမ်း ၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းတွင် အဆိုပြုလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိုးကျေးရွာနှင့် ဆီတိုင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၅၇၃ ပေခန့် ရှည်လျားသော ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကင်းဆိုးကျေးရွာသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ပါကြောင်း၊ မြေပြင်တွင် ဆီတိုင်ကုန်းကျေးရွာဟူ၍ သီးခြားမရှိဘဲ ဥယျာဉ်ခြံများအတွင်း နေထိုင်ကြသည့် မိသားစုများသာရှိပါကြောင်း၊ ဆီတိုင်ကုန်းကျေးရွာဟူ၍လည်း ပြည်ထဲရေးအမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

ကင်းဆိုးကျေးရွာအတွင်း ဥယျာဉ်ခြံမြေ ဧက ၃၀၀၀ ခန့်ရှိပါကြောင်း၊ မြေသားလမ်း အရှည် ၃ မိုင် ၆ ဒသမ ၄၂ ဖာလုံအနက် ၂ ဖာလုံအား ကျောက်ချောလမ်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျန်မြေသားလမ်း ၃ မိုင် ၄ ဒသမ ၄၂ ဖာလုံအား ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ကုန်ထုတ်လမ်းအဖြစ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများအဖြစ် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား** အတည်ပြုရန်လွှတ်တော်၏သဘောထားရယူရာသဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်** စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏သဘောထားရယူရာသဘောတူသဖြင့်ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒသမနေ့ကို အောက်တိုဘာလ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ဖူးမြော်ကြည်ညိုစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ မဟာဝိဇယဧခမသီတလနိဗ္ဗုတဃောသ မဟာခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး **စာမျက်နှာ ၁၂ သို့ →**





လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခြင်း

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညို၍ နိုင်ငံတော်သမ္မတက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံမှုများဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာတွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းစဉ်။

→ စာမျက်နှာ ၁၁ မှ

သိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စားစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့်ရွှေတောင်စားစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်၊ စေတီတော်ကြီးရင်ပြင်တော်ရှိ အက်ကွဲပျက်စီးလျက်ရှိသည့်ကြွေပြားများအား ပြန်လည်ပြုပြင်လဲလှယ်သွားရန်နှင့် ရင်ပြင်တော်အား အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

သက်တော်ရှည် ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးထားသည့်အခြေအနေများအား သွားရောက်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် သက်တော်(၁၀၄)နှစ်၊ ဝါတော်(၈၄)ဝါတော်ရှိ သက်တော်ရှည်ဆရာတော်ကြီးဖြစ်သော ထားဝယ်မြို့၊ဧယျာဝတီစာသင်တိုက် ပဓာနနာယက ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရိန္ဒမအား ကျန်းမာရေးစောင့်ရှောက်မှု ပေးထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုရ၍ နဝကမ္မအလှူငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**





ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား မလေးရှားနိုင်ငံတွင် အလုပ်အကိုင်ရရှိရေး စတင်စေလွှတ်ပေးခဲ့စဉ်။

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်မျက်အတွဲ ၇၀ ရောင်းချနိုင်ခဲ့



နေပြည်တော် အောက်တိုဘာ ၁၂

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများကစစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၇၀ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကသဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပြပွဲဆဋ္ဌမနေ့တွင် အုပ်စု (အေ) နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁)မှ(၅၅၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ရာ အဆိုပါကျောက်စိမ်းအတွဲများအတွက် ရောင်းချရသည့်အတွဲများကို အောက်တိုဘာလ ၁၃ ရက်တွင် ကြေညာပေးသွားမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲကို ကျောက်ရည်ကျောက်သွေးကောင်းမွန်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှု စသည့်အခြေအနေများအရ အုပ်စု (အေ၊ ဘီ) နှင့် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု (စီ) ဟူ၍ အုပ်စုသုံးစုခွဲခြားထားခြင်းဖြစ်ပြီး အုပ်စု (အေ) နှင့် (ဘီ) ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာလ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အုပ်စု (စီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာလ ၁၆ ရက်မှ ၁၇ ရက်အထိလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၁၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚C	/	၃၄˚C
ရန်ကုန်	၂၅˚C	/	၃၃˚C
မန္တလေး	၂၅˚C	/	၃၄˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦး မလေးရှားနိုင်ငံတွင် လုပ်ငန်းခွင်ဝင်ရောက် လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

● ရှေ့ဖုံးမှအဆက်

အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စာရင်းပြုစုခြင်း၊ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်းနှင့် စေလွှတ်ရေး လုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်းဆန္ဒပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနက် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် Golden Plant Services Co., Ltd. အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရေး စတင်စေလွှတ်ပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

ဆက်လက်၍ ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးနှင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးတို့အား အမြန်စေလွှတ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ပြီးစီးခဲ့သူများနှင့် ၎င်းတို့၏ မိသားစုဝင်များလူမှုစီးပွားဘဝပိုမိုကောင်းမွန်တိုးတက်လာရုံမျှမက အနာဂတ်အတွက် ကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီ**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့နံနက် ၇ နာရီ ၅၈ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အရှေ့ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(သပိတ်ကျင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ၂၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

အာဟာရပြည့်ဝဖို့ ကြက်သားနှင့်ကြက်ဥကို ပိုမိုထုတ်လုပ်စို့

ဘုန်းမြတ်

နံနက်ခင်း၏ အသေးဓာတ်မပြယ်သေးမီ ရန်ကုန်မြို့၏လမ်းမများပေါ်တွင် လှုပ်ရှားရုန်းကန်မှုများ စတင်နေပြီဖြစ်သည်။ မီးခိုးတလူလူထွက်နေသော လမ်းထောင့်က လက်ဖက်ရည်ဆိုင်လေးဆီမှ ဒယ်အိုးပူပူပေါ် ကျဆွားသည့် ကြက်ဥကြော်သံ "ရှဲ" ခနဲ ထွက်ပေါ်လာသည်။ ကျောင်းသွားမည့်ကလေးငယ်၏ ထမင်းချိုင့်ထဲတွင် ကြက်ဥမွှေကြော်ကနေရာယူထားသလို၊ ရုံးသွားမည့်ဝန်ထမ်း၏ နံနက်စာပန်းကန်ထဲတွင်လည်း ကြက်ဥပြုတ်တစ်လုံးကအသင့်ရှိနေသည်။ နေဝင်မိုးချုပ်အိမ်အပြန်ခရီးတွင်လည်း ညစာထမင်းဝိုင်းအတွက် ဆွဲခြင်းထဲ၌ ကြက်သားဟင်းအမယ်များ ပါလာတတ်သည်မှာ မြို့ပြနေလူတန်းစားအများစု၏ ရင်းနှီးပြီးသား နေ့စဉ်ဘဝပုံရိပ်များပင်ဖြစ်သည်။

သို့သော် ထိုသာမန်ထမင်းဝိုင်းလေးများ ရှိုးရှင်းသော ဟင်းတစ်ခွက်၏ နောက်ကွယ်တွင် နိုင်ငံတစ်နိုင်ငံလုံးနှင့် ချိတ်ဆက်လည်ပတ်နေသော ဧရာမစီးပွားရေးနှင့် ထုတ်လုပ်မှုယန္တရားကြီးတစ်ခု ရှိနေသည်ကိုမူ ကျွန်ုပ်တို့သတိပြုမိရန် မကြာခဏ မေ့လျော့နေတတ်ကြသည်။

လက်ရှိမြန်မာနိုင်ငံ၏လူဦးရေမှာ ၅၁ သန်းကျော်ရှိသည်ဟုခန့်မှန်းရပြီး ထိုအထဲမှ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် အခြေချနေထိုင်ကြသည်။ ကျေးလက်နေပြည်သူများသည် မိမိတို့၏ခြံဝင်းကျယ်ကြီးများထဲတွင် ကြက်၊ ဘဲ၊ ဝက် စသည်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူကြသလို လယ်ယာစိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်ကြသဖြင့် စားရေရိက္ခာအတွက်ကိုယ်တိုင်ဖူလုံမှုအတိုင်းအတာတစ်ခုအထိရှိကြသည်၊ ပြဿနာမှာ မြို့ပြတွင်နေထိုင်ကြသည့် ၃၀ ရာခိုင်နှုန်းသော မြို့ပြနေလူဦးရေ ၁၅ သန်းအတွက်ဖြစ်သည်။ မြေကွက်လပ်ရှားပါးပြီး စိုက်ပျိုးမွေးမြူရန် မဖြစ်နိုင်သော ထိုလူဦးရေ ၁၅ သန်း၏ နေ့စဉ်အသားဓာတ် (Protein) လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဆိုသည်မှာ အလွန်စနစ်ကျပြီး ကြီးမားကျယ်ပြန့်သောမွေးမြူရေးကဏ္ဍကြီးတစ်ခု အခိုင်အမာရှိနေမှသာ ဖြစ်နိုင်မည်ဖြစ်သည်။

အခြေခံအကျဆုံးနှင့် စျေးအသက်သာဆုံးအသားဓာတ်ဖြစ်သောကြက်ဥ

အခြေခံအကျဆုံးနှင့် စျေးအသက်သာဆုံး အသားဓာတ်ဖြစ်သော ကြက်ဥလိုအပ်ချက်ကို တွက်ကြည့်ကြပါစို့။ **မြို့ပြနေလူတစ်ယောက်သည် တစ်ပတ်လျှင် ကြက်ဥသုံးလုံးခန့်သာစားသုံးသည်ဟု အနိမ့်ဆုံးတွက်ဆကြည့်လျှင်ပင် တစ်နှစ်လျှင် ကြက်ဥအလုံး ၁၅၀ ခန့် စားသုံးမည်ဖြစ်သည်။** လူဦးရေ ၁၅ သန်းအတွက်ဆိုပါက တစ်နှစ်လျှင် ကြက်ဥအလုံးပေါင်းသန်း ၂၂၅၀ ခန့် (၂ ဒသမ၂၅ ဘီလီယံခန့်) လိုအပ်မည်ဖြစ်သည်။ ကြက်ဥတစ်လုံးကို ပျမ်းမျှ ၆၀ ဂရမ်ဟုတွက်လျှင် တန်ချိန်အားဖြင့် ၁၃၅၀၀၀ တန်ခန့်ရှိသည်။ ဤမျှများပြားသောကြက်ဥများကို သယ်ယူပို့ဆောင်ရန် ဆယ့်နှစ်ဘီးကုန်တင်ကားကြီးများ နေ့စဉ် နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းမကြီးများပေါ်တွင် ဥဒဟိုမောင်းနှင်နေရမည်ဖြစ်သည်။

ထိုလိုအပ်ချက်ကိုဖြည့်ဆည်းရန် မည်မျှလောက်သော ဥစားကြက်များကို မွေးမြူရမည်နည်း။ **မျိုးကောင်းမျိုးသန့် ဥစားကြက်မတစ်ကောင်သည် ကောင်းစွာပြုစုစောင့်ရှောက်ပါက တစ်နှစ်လျှင် ကြက်ဥ ၂၅၀ မှ ၃၀၀ ခန့်အထိ ဥနိုင်သည်။ ပျမ်းမျှတစ်ကောင်ကိုအလုံး ၂၅၀ ခန့်ဥသည်ဟုယူဆလျှင် ထိုကြက်ဥ သန်း ၂၂၅၀ ခန့်ရရှိရန် နေ့စဉ်အစာကျွေး၊ ရေတိုက်၊ ကျန်းမာရေးစောင့်ရှောက်ပေးရမည့် ဥစားကြက်မအကောင်ရေ ကိုးသန်းခန့် အချိန်မရွေး အသင့်ရှိနေရန်လိုအပ်သည်။**

ကြက်ကောင်ရေ ကိုးသန်းဆိုသည်မှာ တစ်ပိုင်တစ်နိုင်ခြံငယ်လေးများနှင့်ဖြည့်ဆည်း၍ရသော ပမာဏလုံးဝမဟုတ်ပေ။ ခေတ်မီအလိုအလျောက် အစာကျွေးစနစ်၊ ရေတိုက်စနစ်နှင့် အပူချိန်ထိန်းစနစ်များပါဝင်သော ခြံကြီးများ၊ စနစ်တကျရင်းနှီးမြှုပ်နှံထားသော ဧရာမမွေးမြူရေးဇုန်ကြီးများ လည်ပတ်နေမှသာ မြို့ပြ၏နံနက်ခင်းများကို အသက်သွင်းနိုင်မည်ဖြစ်သည်။

စားပွဲပိုင်းများကို လွှမ်းမိုးထားသော ကြက်သား

ကြက်ဥအပြင် ကြက်သားသည်လည်း မြန်မာတို့၏ယဉ်ကျေးမှုတွင် အဓိကကျသည်။ မင်္ဂလာဆောင်၊ အလှူပွဲများမှစ၍ အမြန်စားအစားအစာ (Fast Food) ဆိုင်များအထိ ကြက်သားသည် မပါမဖြစ်ဖြစ်သည်။ **မြို့ပြနေလူတစ်ဦးသည် တစ်လလျှင် ကြက်သား ၈၀ ကျပ်သားခန့် (တစ်နှစ်လျှင် ၁၀ ပိဿာခန့်) သို့မဟုတ် ၁၆ ကီလိုဂရမ်ခန့်)သာ စားသုံးသည်ဟုတွက်ဆလျှင်ပင် လူ ၁၅ သန်းအတွက် တစ်နှစ်တာ ကြက်သားလိုအပ်ချက်မှာ ပိဿာချိန် သန်း ၁၅၀ ခန့်အထိရှိနေသည်။**

စံချိန်မီမွေးမြူထားသော အသားတိုးကြက် (Broiler)တစ်ကောင်သည် ရက် ၄၀ မှ ၄၅ ရက်အတွင်း အလေးချိန် ၁ ဒသမ ၅ ပိဿာခန့်ရရှိသည်။ ထို့ကြောင့် ကြက်သား ပိဿာ သန်း ၁၅၀ ခန့်ရရှိရန် တစ်နှစ်လျှင် အသားတိုးကြက်အကောင်ရေ သန်း ၁၀၀ ခန့်ကို စျေးကွက်သို့တင်ပို့နိုင်ရန်လိုအပ်သည်။ ကြက်ခြံတစ်ခြံသည် တစ်နှစ်လျှင် ငါးကြိမ်မှ ခြောက်ကြိမ်အထိသာ လည်ပတ်မွေးမြူနိုင်သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စဉ်မွေးမြူထားရမည့် ကြက်ကောင်ရေမှာ အနည်းဆုံး သန်း ၂၀ ခန့် ရှိနေရမည်ဖြစ်သည်။ သေဆုံးနှုန်းနှင့် လေလွင့်မှုများကိုထည့်တွက်ပါက ဤထက်ပိုသောရင်းနှီးမြှုပ်နှံမှုများ လိုအပ်မည်ဖြစ်သည်။

လယ်ကွင်းများမှသည် မွေးမြူရေးခြံများဆီသို့

ဤနေရာတွင် နောက်ထပ်စဉ်းစားရမည့် အရေးကြီးဆုံးအချက်မှာ အစာကျွေးမွေးမှုဖြစ်သည်။ ဥစားကြက်ကိုးသန်းနှင့် အသားတိုးကြက် သန်း ၂၀ (စုစုပေါင်းကောင်ရေ ၂၉ သန်း)ကို နေ့စဉ် အစာကျွေးရန်



ဆိုသည်မှာ သာမန်ကိစ္စမဟုတ်ပေ။ ကြက်တစ်ကောင် နေ့စဉ် အစာ ၁၀၀ ဂရမ်စားလျှင်ပင် တစ်နေ့ကို တိရစ္ဆာန်အစာ တန်ချိန် ၃၀၀၀ ခန့် လိုအပ်မည်ဖြစ်သည်။

ကြက်စာ၏ အဓိကပါဝင်ပစ္စည်းများဖြစ်သောပြောင်းကို ရှမ်းပြည်နယ်ကဲ့သို့သောတောင်ပေါ်ဒေသများမှလည်းကောင်း၊ ဆန်ကွဲနှင့် ဖွဲနုကို ဧရာဝတီတိုင်းဒေသကြီးကဲ့သို့သော စပါးကျီကြီးများမှလည်းကောင်း၊ ငါးမှုန့်ကို ကမ်းရိုးတန်းဒေသများမှလည်းကောင်း ရယူရသည်။ မြို့ပြကကြက်ဥတစ်လုံး၀ယ်စားလိုက်တိုင်း ကျေးလက်ရှိ တောင်သူနှင့်ရေလုပ်သားတို့၏ ဘဝကို သွယ်ဝိုက်သောနည်းဖြင့် ပံ့ပိုးပေးနေခြင်းဖြစ်သည်။ သို့သော် ဤကွင်းဆက်ကြီးသည် သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုကို အမြဲခံနေရသည်။

ထို့ပြင် မွေးမြူရေးသမားများအတွက် အကြောက်ရဆုံးရန်သူမှာ မျက်စိဖြင့်မမြင်ရသော ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားများဖြစ်သည်။ ကြက်ဘက်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါတစ်ခုခြံအတွင်းဝင်ရောက်လာပါက ရက်ပိုင်းအတွင်း ကြက်များသောင်းနှင့်ချီသေဆုံးသွားနိုင်ပြီး ခြံရှင်မှာလည်း ခဏတွင်းချင်း စီးပွားပျက်သွားနိုင်သည်။ ထို့ကြောင့် ယနေ့ ခေတ်မွေးမြူရေးခြံကြီးများသည် သာမန်တဲအိမ်လေးများမဟုတ်တော့ဘဲ တင်းကျပ်သော ဇီဝလုံခြုံရေး (Biosecurity) စနစ်များဖြင့် တည်ဆောက်ထားကြသည်။ ခြံအတွင်းသို့ဝင်မည့် မည်သူမဆို အဝတ်အစားလဲလှယ်ခြင်း၊ ပိုးသတ်ဆေးရည်ပက်ဖျန်းခြင်းများကို မဖြစ်မနေလုပ်ဆောင်ရသည်။ လေဝင်လေထွက်နှင့် အပူချိန်ကိုအာရုံခံစနစ် (Sensors) များဖြင့် ထိန်းချုပ်ထားပြီး ရောဂါကြိုတင်ကာကွယ်ရေးအတွက် အချိန်ကိုက် ကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်များကို တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ဆောင်ရသည်။ ထိုသို့သော ပြုစုစောင့်ရှောက်မှုများအားလုံး၏နောက်ကွယ်တွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုအမြောက်အမြားပါဝင်နေသည်။

စိန်ခေါ်မှုများကို ကျော်လွှားခြင်း

အောင်မြင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်လာရန် အရင်းအနှီးနှင့် နည်းပညာသာမက အခြေခံအဆောက်အအုံ (Infrastructure) ပိုင်းဆိုင်ရာ ပံ့ပိုးမှုများလည်းလိုအပ်သည်။ အထူးသဖြင့် ခေတ်မီခြံစနစ်များသည် လျှပ်စစ်မီးအပေါ် ရာနှုန်းပြည့် မှီခိုနေရသည်။ နွေရာသီပူပြင်းသောအချိန်များတွင် လျှပ်စစ်မီးပြတ်တောက်သွားပါက ပန်ကာများနှင့် အအေးပေးစနစ်များရပ်တန့်သွားပြီး မိနစ်ပိုင်းအတွင်း ကြက်များအပူလျှပ်ကာအစုလိုက်အပြုံလိုက် သေဆုံးနိုင်သည်။ ထို့ကြောင့် မီးစက်ကြီးများနှင့် လောင်စာဆီများကို အမြဲအရန်သင့်ထားရှိရသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အလိုအလျောက်မြင့်တက်လာရသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးသည်လည်း အဓိကအကျပ်အတည်းတစ်ခုဖြစ်သည်။ လတ်ဆတ်သော ကြက်ဥများနှင့် အသက်ရှင်နေသော ကြက်များကို စျေးကွက်သို့ အချိန်မီရောက်ရှိရန် နေ့စဉ် မိုင်ရာချီခရီးနှင်ရသည်။ ကြမ်းတမ်းသောလမ်းခရီးများ၊ ကုန်ကျစရိတ်မြင့်မားသော သယ်ယူပို့ဆောင်ရေးစရိတ်များသည် ဝယ်သူလက်ဝယ်ရောက်ချိန်တွင် ကုန်ပစ္စည်းတန်ဖိုးကို မြင့်တက်စေသော အကြောင်းရင်းများဖြစ်လာသည်။ ဤသည်မှာ လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဖြေရှင်းရမည့်ကိစ္စရပ်ကြီးတစ်ခုဖြစ်သည်။

အနာဂတ်အလားအလာနှင့် စားရေရိက္ခာလုံခြုံရေး

အခက်အခဲများနှင့်စိန်ခေါ်မှုများ မည်မျှပင်ရှိစေကာမူ မြို့ပြ၏ ဝယ်လိုအားသည် ရပ်တန့်သွားမည်မဟုတ်ပေ။ မြို့ပြအသွင်ကူးပြောင်းမှုပိုမိုမြန်ဆန်လာသည်နှင့်အမျှ ၃၀ ရာခိုင်နှုန်းသော မြို့ပြလူဦးရေသည် မကြာမီနှစ်အနည်းငယ်အတွင်း ၄၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်းအထိ တိုးပွားလာမည်မှာ ငြင်းမရသောအမှန်တရားဖြစ်သည်။ လူများဘယ်လောက်တိုးလာသည်ဖြစ်စေ အားလုံးသည် နေ့စဉ် အာဟာရပြည့်ဝစွာ စားသုံးရန် လိုအပ်နေမည်သာဖြစ်သည်။

ဤအချက်သည်ပင်လျှင် မြန်မာ့မွေးမြူရေးကဏ္ဍအတွက် အခိုင်မာဆုံးသော အာမခံချက်နှင့် အကြီးမားဆုံးသော အခွင့်အလမ်းဖြစ်သည်။ လက်ရှိတွင် ပြည်တွင်းစားသုံးမှုအတွက် ကြိုးစားထုတ်လုပ်နေသော်လည်း နည်းပညာများ၊ အရင်းအနှီးများနှင့် မှန်ကန်သောမူဝါဒများသာ ပေါင်းစပ်နိုင်မည်ဆိုပါက ပြည်တွင်းဖူလုံရုံသာမက အိမ်နီးချင်းနိုင်ငံများ၏စျေးကွက်သို့ပါ ထိုးဖောက်နိုင်မည့် အလားအလာများစွာရှိနေသည်။ စနစ်ကျသောရင်းနှီးမြှုပ်နှံမှုများက လူထောင်ပေါင်းများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ စားပွဲပိုင်းထက်မှ ကြက်ဥတစ်လုံး သို့မဟုတ် ကြက်သားဟင်းတစ်ခွက်သည် သာမန်အစားအသောက်တစ်ခုမျှသာ မဟုတ်တော့ပေ။ ၎င်းသည် လူဦးရေ ၁၅ သန်း၏ အသက်ရှင်သန်မှုကို ပံ့ပိုးပေးနေသည့် သွေးကြောတစ်ခုဖြစ်သလို လယ်ကွင်းထဲမှ တောင်သူများ၊ အစာစက်ရုံလုပ်သားများ၊ မွေးမြူရေးသမားများနှင့် ကုန်တင်ကားဆရာ




များ၏လုပ်အားများဖြင့် ပုံဖော်ထားသော နိုင်ငံတော်၏ စီးပွားရေးယန္တရားကြီးတစ်ခု၏ အရေးပါသောအစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ကြက်ဥနှင့် ကြက်သားသည် ပြည်သူတစ်ရပ်လုံးအတွက် စျေးနှုန်းသက်သာပြီး အရည်အသွေးမြင့်မားသော အသားဓာတ် (Protein) ကို ဖြည့်ဆည်းပေးနိုင်သည့် အဓိကအာဟာရ အရင်းအမြစ်များဖြစ်ကြသဖြင့် တိုင်းပြည်၏ စားရေရိက္ခာဖူလုံရေးနှင့် ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်များစွာအရေးပါလှသောကြောင့် ယခုထက်ပို၍စနစ်ကျသော ခေတ်မီမွေးမြူရေးနည်းပညာများအသုံးပြုကာ အထွက်နှုန်းကို တိုးမြှင့်ထုတ်လုပ်ရန် အထူးလိုအပ်လျက်ရှိသည်။ ထို့ကြောင့် ပြည်တွင်း ကြက်မွေးမြူရေးကဏ္ဍကို အဘက်ဘက်မှ ပံ့ပိုးကူညီ၍ စနစ်တကျအားပေးမြှင့်တင်ပေးခြင်းသည် ပြည်သူတို့၏ ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သကဲ့သို့ တိုင်းပြည်၏ စီးပွားရေးကိုပါ တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် (၁၂-၁၀-၂၀၂၆) တနလ်ာနေ့ နံနက် ၂ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ



နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဝါသေဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဖက်ပင်အိုင်ကျေးရွာ၊ ခမည်းတော် ဦးအောင်မြင့် + မယ်တော် ဒေါ်ဖွားအိမ်တို့က ၁၂၉၉ ခုနှစ်၊ နောင်းတန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် နေ့တွင် မြင်းခြံမြို့နယ်၊ ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်း၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ္တမြားကျောင်းတိုက်ခဏ္ဍသိမ်၌ မြင်းခြံမြို့နယ်၊ ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်း၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ချမ်းအေးသာစံမြို့နယ်နေ ဦးကွန်းစိန်+ဒေါ်သက်ရည်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြင်းခြံမြို့နယ်၊ ဖက်ပင်အိုင်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တမေဃိယ၊ တိုက် အုပ်ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ၊ ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တကောသလ္လ၊ ဘဒ္ဒန္တမဟာပဒ္မောတ၊ မန္တလေးမြို့၊ ငွေတောင်တိုက်၊ မဟာရက္ခိတ ရွှေဇီးကွက်အုဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တသုခမဟ၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မဟာ ဝေယံဘုံသာတိုက် ဆရာတော် ဘဒ္ဒန္တ ကလျာဏာဘိဝံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ ဘုရားကြီးတိုက် ဆရာတော်၊ မြတောင်တိုက် ဆရာတော် စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူ ဆည်းပူးတော်မူခဲ့ပြီး “သာသန ဓဇသိရီပဝရမဏ္ဍာ စရိယဘွဲ့” ကို ရရှိတော်မူခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သဃ်နန်းကျွန်းမြို့နယ်၊ ဖက်ပင်အိုင်စာသင်တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဓမ္မာစရိယစည်းမျဉ်းအဖြေကျမ်းကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိရ်အဖြစ်လည်းကောင်း၊ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ပုစ္ဆကဆရာတော်အဖြစ်လည်းကောင်း၊ အစိုးရပါဠိပထမပြန် ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ ပုစ္ဆကနှင့် စာစစ်ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့်ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင်ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာ ပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ ခမာ ဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၁ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် (၁၂-၁၀-၂၀၂၆)၊ တနလ်ာနေ့၊ နံနက် ၂ နာရီ ၂၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

လွိုင်ကော်မြို့ရှိ နောင်ယားစျေး ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

လွိုင်ကော် အောက်တိုဘာ ၁၂

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်မြို့ရှိ နောင်ယားစျေး ပြန်လည်ဖွင့်လှစ်နိုင်ရေး စျေးရုံ ၁၇ ရုံ၊ ဆိုင်ခန်းပေါင်း ၃၂၈ ခန်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအံ့မော် သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် စျေးဆိုင်ခန်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်မှာကြားသည်။

ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် နာနတ်တောရပ်ကွက် ရေပေးဝေနိုင်ရေးအတွက် 50 HP မော်တာနှစ်လုံးနှင့် 20 HP မော်တာနှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်နှင့် ဂါလန် ၁၂၀၀၀ ဆံ့ ရေစင်ဆောင်ရွက်ထားရှိမှုကိုကြည့်ရှုစစ်ဆေးသည်။

အလားတူ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာအထက်တန်းကျောင်း (နာနတ်တော)၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျောင်းဆောင်ငါးဆောင်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် RCC တစ်ထပ်စာကြည့်တိုက် အသစ်ဆောက်လုပ်ပြီးစီးမှု၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်နေမှုနှင့် ကျောင်းဆောင်ငါးဆောင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ကျောင်းဆောင်တစ်ဆောင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအပေါ် ကြိုတင်ပြင်ဆင်မှုအဖြစ် ဆောင်ရွက်ထားသည့် အပူရှောင်စခန်းအမှတ် (၁)နှင့် အမှတ်(၂) တို့ကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံ၌ Heat Stroke Unit ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာန၌ အရေးပေါ်အခြေအနေအတွက် ရှာဖွေကယ်ဆယ်ရေးယာဉ်များနှင့် ပစ္စည်းများကြိုတင်ပြင်ဆင်ထားရှိမှု၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ရပ်ကွက်များအတွင်း အရေးပေါ်မီးသတ်ရေတပ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

ပြည်မြို့၌ မြန်မာ့ရိုးရာဒေသအစားအစာပြိုင်ပွဲကျင်းပ

ပြည် အောက်တိုဘာ ၁၂

မြန်မာ့ရိုးရာ ပြည်ဒေသအစားအစာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ခေတ္တရာပြည်သူ ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ဒေသထွက်အစားအစာများကို ဘေးကင်းလုံခြုံပြီး အဆင့်အတန်းမီမီ အရသာရှိရှိဖြင့် ပြည်ပသို့တင်ပို့နိုင်ရန်၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာ ပြည်ဒေသအစားအစာ ယှဉ်ပြိုင်ချက်ပြုတ်နေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အမှတ်ပေးဒိုင်လူကြီးများ၊ သီဆိုကပြဖျော်ဖြေပေးကြသူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဥသာတိုင်းသား**



အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများ





နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲကျင်းပစဉ်။





ခ ရှေ့ဖုံးမှအဆက်

သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည် ထော င် စု မ ဖြို့ ကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့် ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း၌ပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ် သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျွမ်းကျင်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"ကျွန်တော် ဒီသင်တန်းကို မိမိရဲ့ဆန္ဒအရ စစ်မှုထမ်းရန် တက်ရောက်လာခြင်းဖြစ်ပါတယ်။ ဆရာတွေ သင်ကြားပေးတဲ့ ပညာရပ်အတိုင်း စနစ်တကျလိုက်နာသင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သင်တန်းကာလ ပြီးမြောက်သွားလို့ရှိရင် အထက်ကပေးတဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ"ဟုပြောသည်။

"စစ်မှုထမ်းဆင့်ခေါ်စာပေါ့နော် နှစ်နှစ်တာဝန်ထမ်းဆောင်ရမယ်ဆိုပြီးတော့ ဆင့်ခေါ်စာရောက်လာလို့ လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ်ခင်ဗျ။ ဘယ်အရာမဆို အောင်မြင်အောင်ပေါ့။ နောက်ဆုံးပြီးတဲ့ အချိန်ထိ ကြိုးစားသွားမှာပါ။ တိုင်းပြည်ကိုလည်း ကျေးဇူးဆပ်ရာလည်း ရောက်တယ်ပေါ့နော်။ ပြီးတော့လည်း ဒီနှစ်နှစ်ဆိုတာကလည်း ဒါလူတိုင်း ယောကျ်ားတိုင်း တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ရှောင်လွှဲလို့မရဘူးပေါ့။ အပြင်လောကနဲ့တပ်မတော်ဆိုတာတော့ အများကြီးကွာခြားတယ်ပေါ့နော်။ အပြင်မှာကျတော့ ကျွန်တော်တို့ နေချင်သလိုနေတယ်၊ စားချင်သလိုစားတယ်၊ သွားချင်သလိုသွားတယ်။ ဒါပေမဲ့ ဒီထဲမှာရောက်သွားတဲ့ ဒီနှစ်နှစ်ကနေပြီးသွားလို့ရှိရင် ကျွန်တော်တို့ အရင်လိုနေဖြစ်မှာတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ ဒီထဲကအတိုင်းပဲ မနက်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ် ထစရာရှိတာထမယ်၊ လုပ်စရာရှိတာလေးတွေ လုပ်မယ်၊ အရာရာအားလုံး စနစ်တကျနဲ့ ကိုယ့်တာဝန်ယူမှုတာဝန်ခံမှုတွေနဲ့ အဲလိုမျိုးသွားမယ်ပေါ့နော်။ ကျွန်တော်တို့ နိုင်ငံခြားသွားတာပဲဖြစ်ဖြစ်ပေါ့နော် ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာပဲဖြစ်ဖြစ် အကုန်လုံးကလွတ်လွတ်လပ်လပ်နေနိုင်မယ်။ ပြီးတော့ နိုင်ငံပေါ်မှာလည်း နှစ်နှစ်ဆိုတာ ပြီးသွားတာဖြစ်တဲ့အတွက် တာဝန်ကျွမ်းကျင်မယ်ပေါ့နော်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အများကြီးရတယ်ပေါ့။ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့အပြင်မှာတော့ ကျွန်တော်တို့လည်း ကြောက်တာပေါ့။ ဒါပေမဲ့ တကယ်တမ်း ရောက်သွားတဲ့အခါမျိုးကျတော့လည်း ထင်သလောက်လည်းမဟုတ်ပါဘူး။ အကုန်လုံးကတော့ ခက်ခဲတာပေါ့။ ဒါပေမဲ့လည်း ကိုယ်ကယောကျ်ားဆိုတော့ဖြတ်ကျော်ရမှာပဲလေ"ဟုပြောသည်။ (၁၀၀)

၁၂-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့်လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအား ကြိုတင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❍ **ကျောဖုံးမှုအဆက်**

ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့်ကြိုဆိုနှုတ်ဆက်ကြသည်။

ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှု

ထို့နောက်လေဆိပ်အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတို့အား ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ရေဝပ်ဧရိယာများမရှိစေရေး ရေနုတ်မြောင်းများ စနစ်တကျတွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်းနှင့် လေယာဉ်ပြေးလမ်းဘယ်ညာလမ်းပုခုံးမြေသားများ စနစ်တကျဖော်ဆောင်ခြင်း၊ ပြေးလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် လေယာဉ်ပြေးလမ်းဧည်ရမ်း(တောင်)ရပ်ကွက်ရှိ ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်များ စနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အများပြည်သူအသိဉာဏ်ပညာဗဟုသုတတိုးပွားလာစေရန် ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ရွှေဝယ်သီရိ အားကစားကွင်း

ယင်းနောက် ရွှေဝယ်သီရိအားကစားကွင်းသို့ရောက်ရှိကြပြီး ပွဲကြည့်စင်အသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အားကစားကွင်းပေးနိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ ထားဝယ်မြို့အတွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးမှုနှင့် ကမ်းနားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်

ဆက်လက်၍ ဆန်းချီရပ်ကွက်၊ ကမ်းနားလမ်းရှိ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့၊ ဧည်ရမ်း(တောင်)ရပ်ကွက်ရှိ ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library ၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်များ စနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ်ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာအချက်အလက်များ၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအား ကြိုတင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ရေးနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် အဆင့်မြှင့်တင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်

ဆက်လက်၍ ထားဝယ်မြို့၊ နှင့်စာအုပ်စာပေများကိုအလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက်လုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ စာဖတ်သူများ ပိုမိုတိုးပွားလာစေရေး အားပေးစည်းရုံးဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင်သုတ၊ ရသစာအုပ်စာစောင်များ အမြဲမပြတ်ဖြည့်ဆည်းပေးသွားအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတကပွဲကြည့်စင်အသစ်တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် အားကစားကွင်းအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးနှင့် အထူးတန်းအပါအဝင် ပွဲကြည့်စင်သစ်များထပ်မံတိုးချဲ့ဆောက်လုပ်ဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

များပြခန်း၊ ရိုးရာလက်မှုလုပ်ငန်းများပြခန်း၊ ကျောက်ခေတ်လူသားများနေထိုင်သည့်ဂူနှင့် ကျောက်ခေတ်သုံးလက်နက်များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းဝင်အသုံးအဆောင်ပစ္စည်းများ၊ တနင်္သာရီဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရိုးရာစီးပွားရေးလုပ်ငန်းများပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည့် ငွေကြေးနှင့်တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြုစောင့်ရှောက်ထိန်းသိမ်းသွားရန် လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းမြို့တော်များ၏ ပုံစံငယ်ပြသထားရှိမှုအား ခေတ်စနစ်နှင့် လျော်ညီစွာ ပြန်လည်ပြုလုပ်ပြသသွားရန်လိုကြောင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများမှဖော်ပြချက်များအား ရေရည်မပျောက်ပျက်စေရေးနှင့် နောင်လာနောက်သားတို့ သိရှိနိုင်ရေး နည်းပညာအသုံးပြု၍ ပြန်လည်ကူးယူထိန်းသိမ်းခြင်း၊ ဖော်ပြချက်များ၏ အဓိပ္ပာယ်နှင့် သမိုင်းနောက်ခံများအား ရှေးဟောင်းသုတေသနဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ဖော်ထုတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာစာပေယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သွားရန် လိုကြောင်း၊ ပြခန်းများအလိုက် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရေး အကြောင်းအရာများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန် လိုကြောင်း။

ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက်လေ့လာကြသူများအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုး၊ မိမိတို့ဒေသ၏သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများနှင့် ဒေသထုတ်ကုန်များအစရှိသဖြင့် မိမိဒေသရပ်ရွာအပေါ် ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုး၊ ဒေသကိုချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထားဝယ်မြို့၊ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အဦ (Indoor Stadium)

ထို့နောက် ထားဝယ်မြို့၊ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အဦ(Indoor Stadium) တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများနှင့် ထားဝယ်မြို့၊ ကမ်းနားလမ်းအား အပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အဦ တည်ဆောက်ရာတွင် ရေရှည်အတွက် စနစ်တကျတွက်ချက်၍ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်သွားရန်လိုကြောင်း၊ ထားဝယ်မြို့ ကမ်းနားလမ်းအား (၂) လမ်းသွားမှ (၄)လမ်းသွားလမ်းမကြီးအဖြစ် ယာဉ်များ လမ်းဘေးချရပ်နိုင်သည့် ယာဉ်ချရပ်များ၊ ဆိုင်ကယ်စီးနင်းသွားလာနိုင်သည့် လမ်းများအပါအဝင် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ထားဝယ်မြို့အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာနိုင်မှုအပေါ် မူတည်တွက်ချက်၍ လမ်းများကိုစနစ်တကျတိုးချဲ့ဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာများကောင်းမွန်နေစေရေး ရေနုတ်မြောင်းများစနစ်တကျဖောက်လုပ်ထားရှိရန်နှင့် ရေမြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး အမြဲမပြတ်ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် လမ်းမီးတိုင်များ စနစ်တကျတပ်ဆင်ထားရှိရန်နှင့် ရာသီဥတုဒဏ်ကိုခံနိုင်သည့် အရိပ်ရလေကာပင်များစိုက်ပျိုးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့၊ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အဦ(Indoor Stadium)တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။







တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) တာဝန်ရှိသူတစ်ဦးက ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် အခြေခံအထိ(၆)ချက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲတွင် အမျိုးသားဓားနှစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

■ **ကျောဖုံးမှအဆက်**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကိုယနေ့နှံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ကျင်းပရာကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ၊ လူသစ်တန်း အနုတ် ၆၇ ကီလိုအောက် ကုမိတ့ဲပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများ အပြီးတွင် ဆုပေးပွဲကို ဆက်လက် ကျင်းပရာ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်းခတပြိုင်ပွဲများနှင့် ကုမိတ့ဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် လူသစ်တန်းပြိုင်ပွဲတွင် ရွေ ၃ ခု၊ ကြေး ၁ ခုဖြင့် လူသစ်တန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အကြီးတန်း ပြိုင်ပွဲတွင် ရွေ ၄ ခု၊ ကြေး ၂ ခုဖြင့် အကြီးတန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် ဒိုင်းဆုများအား ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုကို ရွှေ(၇)ခု၊ ကြေး (၃)ခုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူ တစ်ဦးက တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် (၄)ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌အဆင့် အလိုက်ဘင်တန်ဝိတ်တန်း၊ လိုဝိထိတ်တန်း၊ မစ်ဒယ်ထိတ်တန်း ဗိုလ်လုပွဲပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တို အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီးပန်ကြပ်ဆီလပ် အတိုက် ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက် အတိုက်(ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ ခွဲမှုံးဆရာအဆင့် လုံ့ရှည်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တပ်မတော်လက်ရေးစွမ်းရည်ပြပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်သို့ ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၂

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၈ ရက်မှ ၁၀ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖိုရမ်အစီအစဉ်များနှင့် အဆိုပါ ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်တွင် ပူးတွဲကျင်းပသည့် (၆)ကြိမ်မြောက်ရုရှား–အာဆီယံ Dialogue on ICT Security Related Issues ဆွေးနွေးပွဲသို့လည်း အာဆီယံကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌအဖြစ် တက်ရောက်ဆွေးနွေးခဲ့ပြီး e-Governance Knowledge Sharing စားပွဲဝိုင်းဆွေးနွေးပွဲအစီအစဉ်တွင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexander Shoitov နှင့်လည်း Digital Government စနစ်များ၊ Cyber Security ဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သော Human Resource Development ဆိုင်ရာ Technology Training ကိစ္စရပ်များစသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်၊ သတင်းအချက်အလက်နည်းပညာရှင် ၁၀၀၀ ကျော်နှင့် ထိပ်တန်းနည်းပညာကုမ္ပဏီ ၅၀ ကျော်တို့တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံ မော်စကိုမြို့တွင် အောက်တိုဘာလ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းက အသင်းနည်းပြသစ်အဖြစ် ဆီးဒေါ့ဖ်အား ခန့်အပ်

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁၂

ဘရာဇီးထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ကိုရင်သီယန်အသင်းက အသင်းနည်းပြသစ်အဖြစ် နယ်သာလန်အသင်းနှင့် အေစီမီလန်အသင်း ကွင်းလယ်ကစားသမားဟောင်း ဆီးဒေါ့ဖ်အား ယခုဘောလုံးရာသီကုန်အထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့သည်။

ကိုရင်သီယန်အသင်းသည် ယခုဘောလုံးရာသီ ဘရာဇီးလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားနေကာ နောက်ဆုံးကစားခဲ့သည့် ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရပြီး ဖလာမင်ဂိုအသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းနည်းပြ ဖာနန်ဒိုဒီနစ်အား ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၀ နှစ်အရွယ် ဆီးဒေါ့ဖ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ရီးယဲလ်မက်ဒရစ်အသင်း၊ အင်တာမီလန်အသင်း၊ အေစီမီလန်အသင်းတို့တွင် ကစားခဲ့ပြီး ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သည်။ ဆီးဒေါ့ဖ်သည် ဘိုတာဖိုဂိုအသင်း၌ နောက်ဆုံးကစားခဲ့ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

ထို့နောက် ဆီးဒေါ့ဖ်သည် ၂၀၁၄ ခုနှစ်က အသင်းဟောင်းအေစီမီလန်အသင်းကို နည်းပြအဖြစ် တာဝန်ယူကာ နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး အသင်းကို ရာသီဝက်သာ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြဆီးဒေါ့ဖ်သည် ၂၀၁၈ ခုနှစ်ကလည်း စပိန်ကလပ်အသင်းတစ်သင်းဖြစ်သည့် ဒီပို့တီဗိုအသင်းကို ရာသီဝက်သာကိုင်တွယ်ခဲ့ပြီး ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲပြီးနောက် ကင်မရွန်းအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

နည်းပြဆီးဒေါ့ဖ်သည် ကင်မရွန်းအသင်းကိုလည်း နှစ်နှစ်ကိုင်တွယ်ခဲ့ပြီး ၂၀၁၉ ခုနှစ်က အသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

ကိုရင်သီယန်အသင်းက နည်းပြဖာနန်ဒိုဒီနစ်နှင့် လမ်းခွဲပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဆီးဒေါ့ဖ်နှင့် ဆွေးနွေးမှုများလုပ်ဆောင်ရာမှ ယခုဘောလုံးရာသီကုန်အထိ ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ကိုရင်သီယန်အသင်းသည် ယခုဘောလုံးရာသီ ဘရာဇီးလိဂ်ပြိုင်ပွဲတွင် ၂၉ ပွဲကစားပြီးချိန်တွင် ရှစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၃ ပွဲရှုံး ရမှတ် ၃၂ မှတ်ဖြင့် အမှတ်ပေး ဇယားအဆင့် (၁၆) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Ref;Fabrizio Romano

မန်ယူအသင်းက နည်းပြကာရစ်၏ အနာဂတ်နှင့်ပတ်သက်ပြီး လာမည့်ပွဲစဉ်နှစ်ပွဲရလဒ်အပေါ်မူတည်ပြီး ဆုံးဖြတ်ရန်ပြင်ဆင်



မန်ချက်စတာ အောက်တိုဘာ ၁၂

မန်ယူအသင်းက အသင်းနည်းပြကာရစ်၏ အနာဂတ်နှင့် ပတ်သက်ပြီး လာမည့်ပွဲစဉ်နှစ်ပွဲရလဒ်အပေါ်မူတည်ပြီး ဆုံးဖြတ်ရန် ပြင်ဆင်နေသည်။

နည်းပြကာရစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ်က ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အမြဲတမ်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ရာ ရာသီအစပိုင်းတွင်ပင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

မန်ယူအသင်းဘုတ်အဖွဲ့ဝင်များသည် အစောပိုင်းက နည်းပြကာရစ်ကို ထောက်ခံမှုများလုပ်ဆောင်ထားသော်လည်း ပြီးခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ပြီးနောက် အသင်းပရိသတ်များက နည်းပြကာရစ်စွမ်းဆောင်ရည်များအပေါ် လှောင်ပြောင်မှုများ လုပ်ဆောင်ခဲ့ကြသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းဘုတ်အဖွဲ့ဝင်များက လာမည့်ပွဲစဉ်နှစ်ပွဲဖြစ်သည့် အက်သလက်တီကိုအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် လီဒ်အသင်းနှင့်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်တို့၏ ရလဒ်ကို စောင့်ကြည့်သွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်နှစ်ပွဲတွင် ရလဒ်များ ထပ်မံဆိုးရွားနေမည်ဆိုပါက နည်းပြအပြောင်းအလဲလုပ်ဆောင်ဖွယ်ရှိနေသည်။

လက်ရှိတွင် မန်ယူအသင်းသည် နည်းပြသစ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းနည်းပြဟောင်း ကွန်တီအား ခန့်အပ်ရန် သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

Ref;Topskillsport UK



တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ကျင်ဝမ်ကျန်း ချန်ပီယံဆုဖလားဆွတ်ခူးနိုင်

ပေကျင်း အောက်တိုဘာ ၁၂

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်းက ရုရှားထိပ်တန်းတင်းနစ်မယ် အန်ဒရီဗာအား အနိုင်ရရှိပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အန်ဒရီဗာအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၄) သတ်မှတ်ခံထားရသူဖြစ်သော်လည်း ပြိုင်ပွဲတွင် ရှုံးနိမ့်ပြီးနောက် ချန်ပီယံဆုနှင့်လွဲချော်ခဲ့ခြင်းဖြစ်ပြီး ကျင်ဝမ်ကျန်းအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်းမရှိသော်လည်း ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကျင်ဝမ်ကျန်းက ပထမပွဲငယ်တွင်(၇-၅)ရလဒ်နှင့် ဒုတိယပွဲငယ်တွင်(၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမားဘဝတွင် တရုတ်ထိပ်တန်းတင်းနစ်မယ် ကျင်ဝမ်ကျန်းသည် ၂၀၂၄ အိုလံပစ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်သကဲ့သို့ ယခုအခါတွင်လည်း အဓိကဆုဖလားဖြစ်သည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;AGTP Tennis

ဆန်ဒိုဗယ်အား ဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိပြီး WBA WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်များကို မန်ဒိုဇာရရှိ

ဝါရှင်တန် အောက်တိုဘာ ၁၂

WBA၊ WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံအမေရိကန်လက်ဝှေ့သမား ဆန်ဒိုဗယ်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား မန်ဒိုဇာတို့ယှဉ်ပြိုင်ရာ မန်ဒိုဇာက ပဉ္စမအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံခါးပတ်များကို ရရှိခဲ့သည်။

အစောပိုင်းက ဆန်ဒိုဗယ်သည် ၎င်း၏ WBA၊ WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အော်စကာ ကာလာဇိုနှင့်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း အော်စကာကာလာဇိုအနေဖြင့် လေ့ကျင့်စဉ် ဒဏ်ရာရရှိပြီးနောက် နုတ်ထွက်ခဲ့သည့်အတွက် မန်ဒိုဇာက အစားထိုးလက်ဝှေ့သမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် WBA၊ WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်တို့ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မန်ဒိုဇာက ဒုတိယအချီမှစတင်ပြီး ဖိအားပေးယှဉ်ပြိုင်နိုင်ကာ မန်ဒိုဇာ၏ လက်သီးထိုးချက်များကြောင့် ဆန်ဒိုဗယ်အနေဖြင့် နှစ်ကြိမ်အထိ လဲကျခဲ့ရသည်။ လက်ကျန်အချီများတွင်လည်း မန်ဒိုဇာက ပိုမိုဖိအားပေးယှဉ်ပြိုင်နိုင်ခဲ့ကာ ပဉ္စမအချီအရောက်တွင် မန်ဒိုဇာ၏လက်သီးထိုးချက်များကြောင့် ဆန်ဒိုဗယ်အနေဖြင့် ထပ်မံလဲကျချိန်တွင် ဒိုင်လူကြီးက ပွဲကိုရပ်တန့်ခဲ့သည့်အတွက် မန်ဒိုဇာအနေဖြင့် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန်ဒိုဗယ်သည် ၂၀၂၅ ခုနှစ်က တီရာဂျီအား အနိုင်ရရှိပြီးနောက် WBA၊ WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး ယခုအခါ ၎င်း၏ ပထမဆုံး ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မန်ဒိုဇာက အစားထိုးလက်ဝှေ့သမားအဖြစ်ယှဉ်ပြိုင်ရာမှ ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;World Boxing

အင်္ဂလန်အမျိုးသမီး တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူးရူဆိုဆွတ်ခူး

လန်ဒန် အောက်တိုဘာ ၁၂

အင်္ဂလန်အမျိုးသမီးအသင်း၏ ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ရူဆိုက ဆွတ်ခူးရရှိခဲ့သည်။

အသက် ၂၇ နှစ်အရွယ် ရူဆိုသည် ယခုနှစ်တွင် အင်္ဂလန်အမျိုးသမီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းအတွက် သွင်းဂိုး၀င်းဂိုး သွင်းယူနိုင်ကာ ပါဝင်ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် အသင်းတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရူဆိုသည် ယခုနှစ်အတွင်း အင်္ဂလန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အသင်းအတွက် အရေးပါသည့် သွင်းဂိုးများကို သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းဖော်များဖြစ်ကြသည့် လူစီဘရွန်ဇ်နှင့် ဟမ်တွန်တို့ကိုကျော်ဖြတ်၍ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရူဆိုသည် ၂၀၂၄ ခုနှစ်ကလည်း အင်္ဂလန်အမျိုးသမီးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်သကဲ့သို့ ယခုနှစ်တွင်လည်း ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရူဆိုက "အခုလို အသင်းရဲ့ အရေးပါတဲ့တစ်ဦးချင်းဆုကို ဒုတိယအကြိမ်ဆွတ်ခူးနိုင်ခဲ့တာ ဂုဏ်ယူရပါတယ်။ ဒီဆုရရှိဖို့ မဲပေးရွေးချယ်ခဲ့ကြတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုဆုနဲ့ထိုက်တန်တယ်ဆိုတာကို လာမယ့်ပွဲတွေမှာ သက်သေပြသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref;Topskillsport UK

နေပြည်တော်၌ ဓနသိဒ္ဓိအမြန်နှုန်းရေသန့်စင်စက်ရုံဖွင့်ပွဲနှင့် မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၂

ဓနသိဒ္ဓိအမြန်နှုန်း ရေသန့်စင်စက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဓမ္မာသီရိမြို့နယ်ရှိ အဆိုပါစက်ရုံရှေ့မျက်နှာစာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေသန့်စင်စက်ရုံဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ဘည်းမော်ကွန်းကျောက်စာကို အမွေးနုံသာဖြင့်ပက်ဖျန်း၍ ရေသန့်စင်စက်ရုံအတွင်းရှိ ပန့်များ၊ ရေပေးရေးဆိုင်ရာပစ္စည်းများနှင့် ဆောင်ရွက်ခဲ့မှုမှတ်တမ်း Light Box များ၊ SCADA System Control Room နှင့် ရေသန့်စင်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II)အတွင်းရှိ အဆောက်အအုံများပြင်ဆင်ရန် လျာထားဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပ၍ ဒိုင်လူကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုနှင့် ပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ ပထမဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ်အသင်းအား တံခွန်စိုက်ဖလားဆု၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ်(ပြန်/ဆက်)

▼ ကျောပုံးမှအဆက်

ဧရာဝတီယူနိုက်တက်နှင့်ရှမ်းယူနိုက်တက်အသင်းတို့ သရေကျခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့်ချင်းလန်းအသင်းတို့ပွဲတွင် ပထမပိုင်းပွဲစသည်နှင့် ဒဂုံစတားယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုယူကာ ချင်းလန်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ချင်းလန်းအသင်း ၁၀ မိနစ်ဝန်းကျင် အထိ ထိန်းကစားနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ခံစစ်ပေါက်ပြီး နောက်တန်းအမှားမှ အဖွင့်ဂိုးပေးခဲ့ရသည်။ ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင်လည်း ဒဂုံစတားယူနိုက်တက်အသင်းကသာ ပွဲကိုအကောင်းဆုံးပုံစံဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ၅ ဂိုး ဂိုးမရှိဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း ဒဂုံစတားယူနိုက်တက်အသင်းကသာ ခြေစွမ်းအားဖြင့် ကစားနိုင်ခဲ့၍ ပွဲအပြီးတွင် ၁၁ ဂိုး ဂိုးမရှိဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

ထို့အတူ သီဟဒီပကွင်း၌ယှဉ်ပြိုင်ကစားသည့် Falcon အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ပွဲတွင် ၂ ဂိုး ၁ ဂိုးဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

ထူးခြားသည့်နေ့အပူချိန်များ

၁၂-၁၀-၂၀၂၆

ဗျာပုံ	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ခန္ဓီး	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်
ထားဝယ်	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
မော်လမြိုင်	၃၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်
ရွှေကျင်	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
မြဝတီ	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်
တောင်ငူ	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယက်

ကာဂလီယာရီအသင်းနှင့် ဂျူဗင်တပ်စ်အသင်း တစ်ဖက်တစ်ဂိုးစီသရေကျ

ရန်ကုန် အောက်တိုဘာ ၁၂

အီတလီစီးရီးအေပွဲစဉ်(၆)အဖြစ် အီတလီနိုင်ငံ ကာဂလီယာရီမြို့ အူနီပေါ်ဒိုးမတ်ကွင်း၌ အောက်တိုဘာလ ၁၂ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကာဂလီယာရီအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကာဂလီယာရီအသင်း၏တိုက်စစ်ဆင်မှုမှတစ်ဆင့် ပွဲကစားချိန် မိနစ် ၂၀ တွင် ဒန်နီရယ်မာလ်ဒီနီက အနီးကပ်ကန်သွင်းကာ အိမ်ရှင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သောကြောင့်ပထမပိုင်းပြီးဆုံးချိန်တွင် ကာဂလီယာရီအသင်းက ဂျူဗင်တပ်စ်အသင်းကို တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဂျူဗင်တပ်စ်အသင်းသည် လူစားဝင်အပြောင်းအလဲများပြုလုပ်ကာ တိုက်စစ်မြှင့်ကစားခဲ့သောကြောင့် ဂျူဗင်တပ်စ်အသင်းသည် ဂိုးပေါက်ကန်သွင်းခွင့်များစွာရရှိခဲ့သော်လည်း ကာဂလီယာရီအသင်းက ဂိုးသမားက လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ သို့သော် ပွဲကစားချိန် ၈၁ မိနစ်တွင် ဂျူဗင်တပ်စ်အသင်းအတွက် အာလက်ဘီဂိုဗစ်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူးကိုလိုမူအာနီက အပိုင်ခေါင်းတိုက်ကာ အဖိုးတန်ချေပဂိုးသွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေပွဲစဉ်(၇)တွင် ဂျူဗင်တပ်စ်အသင်းသည် လာဇီယိုအသင်းနှင့် အောက်တိုဘာလ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလ ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများပူးပေါင်းကာ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှောဏ်၊ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်စဉ်။

➢ **မမြရေလှောင်တမံမှ**

တမံအနီးရှိကျေးရွာအုပ်စုများမှဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်စဉ် အောက်တိုဘာလ ၉ ရက်ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာလ ၁၀ ရက် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ ထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပို လွှဲမှရေထုတ်လွှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့အောက်တိုဘာလ ၁၂ ရက်နေ့ ညနေပိုင်းတွင် တမံရှိ ရေ ၃၁၁ ဒသမ ၄၀ ပေသာကျန်ရှိတော့သဖြင့် ၃ ပေ ၈ လက်မခန့် လျော့နည်းသွားကြောင်း သိရှိရသည်။

ထို့ပြင် တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ၿငိးအပြင် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးနှင့်ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆) စု၊ ကျေးရွာ (၃၀) ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆)စု၊ ကျေးရွာ (၂၀)ရွာ စုစုပေါင်း ကျေးရွာအုပ်စု (၁၂)စုရှိကျေးရွာ (၅၀) ရွာမှ ဒေသခံပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

MYAWADY IN ENGLISH DAILY EDITION

President U Min Aung Hlaing pays homage to Dawei's prominent Lawkamarazein Buddha Image and Shwetaungsar Pagoda



President U Min Aung Hlaing pays homage to a Buddha Image at Shwetaungsar Pagoda in Dawei.

NAY PYI TAW October 12

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Union ministers and officials, paid homage to prominent Lawkamarazein Buddha Image and Shwetaungsar Pagoda in Dawei of Taninthayi Region this afternoon.

The President and party paid homage to Lawkamarazein Buddha Image with offering flowers, water and oil lights. The President inspected the preparations to carry out overall renovation of the Buddha Image. The Taninthayi Region Chief Minister and officials of the Image Board of Trustees reported on the plans to renovate the image. The President signed the guest book of the image and donated cash to the fund of the pagoda through officials from the image board of trustees who returned a certificate of honour and Dhamma gifts.

The President struck Mahavijaya Khemasitala Bibbutaghosa great bell at Shwetaungsar Pagoda.

The President offered flowers, water oil lights to the Buddha image in the ancient historical Yahanta ordination hall in the precinct of the pagoda and inspected the maintenance of ancient Yahanta ordination hall in original format in the precinct of the pagoda and gave necessary guidance to officials.



After paying homage to Shwetaungsar Pagoda, the President gave guidance to officials to systematically carry out maintenance of the Buddha Image and the pagoda for long-term existence and magnificence, replace the damaged tiles from the platform of the pagoda with new ones and keep the platform of the pagoda clean.

Observing healthcare services for long-lived venerable Sayadaw

While in Dawei, the President viewed the process of healthcare services given to Presiding Patron of Zeyawady Buddhism Learning Centre in Dawei, Sangharaja of Ganavimotti Kutoh Gana, Abhidhaja Aggamaha Saddhammajotika Aggamaha Kammathanacariya Bhaddanta Arindama, who is now aged 104 and 84 vasa, at Dawei General Hospital.

After hearing the reports of officials, the President instructed them to continuously monitor the Sayadaw's health conditions, fulfill any necessary needs, and carry out other required matters. The President paid homage to the venerable Sayadaw and offered cash for nine prerequisites, foodstuffs and alms.

The President also viewed round the hospital and guided the plans to upgrade the hospital to officials and cordially greeted hospital staff. **Myawady**

President of the Republic of the Union of Myanmar U Min Aung Hlaing inspects regional development activities in Dawei, Taninthayi Region

NAY PYI TAW October 12

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Union Ministers and relevant officials, inspected the progress of regional development

SEE PAGE - 23





President U Min Aung Hlaing hears reports on the upgrading of Dawei Airport and runway.

President of the Republic of the Union of Myanmar U Min Aung Hlaing addresses ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health

Healthcare provided for individual persons amounts to protecting a family's future

NAY PYI TAW October 12

A ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health took place at the Myanmar Convention Center in Yangon this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.



President U Min Aung Hlaing addresses a ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health.



President U Min Aung Hlaing presents letters of appointment to a representative from the relevant medical university.



President U Min Aung Hlaing presents letters of appointment to a representative from the relevant medical university.

Also present were union ministers U Khin Maung Yi, U Mya Tun Oo, Dr. Soe Win, Dr. Thet Thet Zin, U Min Naung, U Ko Ko Lwin, Dr. Charlie Than, U Myo Thant, Chairman of the Union Civil Service Board U Tin Maung Win, the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, deputy ministers, retired Health Ministers, the chairman of Myanmar Medical Council, the chairman of Myanmar Dental Council, rectors, pro rectors, professors, faculty members from medical universities under the Ministry of Health, departmental personnel, invited guests.

On arrival at the venue, the President was warmly welcomed by Union Minister for Health Dr. Soe Win and health staff. At the start of the ceremony, personnel from Public Health Department, the Ministry of Health staged a dramatized song "The hand that provides health."

In his keynote address, the President said today is a day that brings strength to the Ministry of Health as well as an auspicious day for the nation and people. It is also an important milestone for all refreshers here as they have completed a certain level of education, officially starting their career as a doctor and a civil servant to practically apply their medical knowledge for the people.

The letter of appointment they were going to receive today was not just a confirmation certificate for a job; it was also a symbol of responsibility entrusted to them trustfully by the State and the people. Valuing this trust, they should use their knowledge, time, strength and goodwill the best for public health.

The government is striving with greater momentum in carrying out healthcare activities under the policy **"Nothing is more important than life"** for ensuring health and fitness and longevity for all citizens. The basic requirement of a modern and new democratic country is health and fitness of the entire nation. Hence, the government gives constant attention to its healthcare activities that directly benefit the people.

Prioritizing the goal **"All hospitals must have doctors"** the

SEE PAGE - 23 ▶▶



President U Min Aung Hlaing presents honorary cash award for the performance troupe.

●● FROM PAGE - 21

works in Dawei, Taninthayi Region, this afternoon.

Upon arrival at Dawei Airport in Taninthayi Region, the President and his entourage were warmly welcomed by Chief Minister of Taninthayi Region U Zaw Naing Oo, Speaker of the Region Hluttaw U Myat Ko, the Commander of Coastal Region Command, officials from the regional government, and traditional cultural performance troupes.

Upgrading of Dawei Airport and Runway

At the airport meeting hall, Union Minister for Transport U Mya Tun Oo and Director of Military Engineering of the Office of the Commander-in-Chief (Army) Brig-Gen Win Min presented briefings on data regarding Dawei Airport, the implementation of directives given by the Head of State for airport expansion and upgrades, and the fiscal year-by-fiscal year expansion and upgrade works on Dawei Airport and its runway.

Regarding the briefings, the President gave instructions, highlighting that with the implementation of the Dawei Deep Sea Port Project, passenger traffic and flight operations are bound to increase, which is why preparatory upgrade works on Dawei Airport and its runway were instructed. He stressed the importance of long-term durability and safety for aircraft landings, noting that properly engineered drainage systems must be incorporated to prevent waterlogged areas along the runway. He further instructed officials to properly form shoulder soil along both sides of the runway, clear bush and shrubs around the runway perimeter, and address other necessary requirements.

Afterward, the President inspected the runway upgrading works and gave further instructions based on reports submitted by officials.

Shwe Wae Thiri Pyinnyar Beikman Library

Next, they arrived at the Shwe Wae Thiri Pyinnyar Beikman Library located in Nyaungyan (South) Ward, Dawei, where they inspected the reading room, E-Library, non-fiction bookshelves, and the systematic arrangement of fiction and non-fiction books.

Following reports by officials, the President gave guidance on systematically running library operations to enrich public knowledge and facilitate easy access to literature, actively promoting library use to increase reader turnout, continuously providing non-fiction and fiction books and periodicals, and tending to other operational needs. He then signed the library's guest book.

Shwe Wae Thiri Stadium

They then proceeded to Shwe Wae Thiri Stadium, where they inspected the site planned for constructing a new grandstand and toured the sports complex. In response to briefings from officials, the President instructed that the construction of the new grandstand be systematically carried out, the stadium properly maintained on an ongoing basis, and plans made for expanding stands, including special VIP stands. Following this, he toured Dawei Town and Strand Road by motorcade to inspect urban development and the progress of Strand Road upgrading projects.

Taninthayi Region Cultural Museum

The President was welcomed by officials at the Taninthayi Region Cultural Museum on Strand Road in Sanchi Ward.



President U Min Aung Hlaing visits Taninthayi Region Cultural Museum.

The President inspected each individual booths on display inside the museum, including the Taninthayi Region natural scenic landscapes booth, the Salon ethnic booth, the traditional festivals booth, the traditional handicrafts booth, the Stone Age cave dwelling and stone tools exhibit, ancient cultural works of art, historical artifacts, the Taninthayi regional history and ancient cities booth, and the traditional livelihoods booth.

During the inspection, the President responded to the reports submitted by responsible officials. He stated that because the antiquities, historical records, and archival evidence inside the museum are valuable heritage beyond monetary value, special care must be taken to preserve them to ensure their long-term durability and prevent deterioration. He underlined that the scale-model displays of the ancient cities in Taninthayi Region must be exhibited in line with modern standards. He noted that Myanmar's traditional literary heritage must be protected by using modern technology to duplicate and archive the contents of ancient palm-leaf manuscripts and parabike paper folding books to prevent them from disappearing over time and make them accessible to future generations, as well as by conducting research in collaboration with archaeological experts to uncover the meaning and historical context of these records. The President also stressed that descriptive information, dates, eras, and estimated ages must be clearly provided alongside the artifacts, pagodas, and Buddha images across the respective booths so that visitors can understand them easily and clearly.

The President gave guidance that arrangements must be made to enable basic education students from across Taninthayi Region, in addition to visitors from near and far, to visit and study at the museum. He noted that doing so will allow them to gain a deeper understanding and appreciation of their local region including the historical traditions, national identity, national and patriotic pride, noble traditional values of religion and culture, and regional products of their country, people, and locality which will foster a love for their nation, people, and homeland, as well as a desire to continuously pass down and preserve national and patriotic pride and gave guidance on further necessary matters.

Swimming pool, diving pool and the indoor stadium with stands in Dawei

On arrival at the sites chosen for construction of a swimming pool, a diving pool and the indoor stadium with stands in Dawei, the President heard reports on construction process, and upgrade of Strand Road in Dawei in phases presented by the Region Chief Minister.

After hearing the reports, the President instructed that the indoor facility comprising a swimming pool, a diving pool, and spectator stands must be systematically designed for long-term sustainability, constructed to modern standards, and completed within the targeted timeframe. He stated that Dawei's Strand Road must be expanded from a two-lane to a four-lane main road, complete with designated roadside parking spaces and dedicated motorcycle lanes. He underscored that when carrying out urban road upgrades in Dawei, roadways should be systematically widened and developed based on projections of future growth in vehicular and motorcycle traffic. The President noted that in order to prevent flooding along road corridors and within residential wards, drainage ditches must be properly engineered to ensure smooth water flow and regularly cleared to prevent debris blockage. He underlined that streetlights should be systematically installed on both sides of the roads alongside weather-resilient shade and windbreak trees. **Myawady**

▶▶ FROM PAGE - 22

government is realizing a healthcare program accessible by all regardless of location and wealth. Myanmar's current life expectancy is 69 years. It is now providing healthcare activities with might and main for the public life expectancy to exceed 70 years.

Although the government's healthcare expenditure was only about 1.5 percent of total government spending in the year 2000, it has been increased to 2.8 percent—amounting to over Ks-1,391 billion—in the current 2026-2027 fiscal year; furthermore, efforts will continue to annually increase state funding to upgrade the healthcare sector.

Skilled health human resources are pivotal for the perfectness of the entire healthcare machinery. In ensuring health and fitness for the entire nation and to improve the health level, the nation must train and produce more health human resources to provide an all-accessible public healthcare system. In this regard, the government commissioned the Faculty of Medicine at the Naypyitaw State Academy in 2023. Currently, the number of institutions has grown to a total of 17 universities, comprising

SEE PAGE - 24 ▶▶

▶▶ FROM PAGE - 23

six medical universities and 11 universities of allied health sciences.

Furthermore, medical curricula are being transitioned toward international-standard outcome-based integrated learning systems, incorporating Inter-professional Education (IPE) and practical collaborative skills among healthcare professionals. Human resources are being trained and produced under annual plans to ensure adequate staffing across regional, state, district, township, and station hospitals. Short-term and long-term plans are also being formulated and implemented with target goals set for the next 5, 10, and 15 years. In addition, the government is providing necessary support for healthcare personnel, including food and shelter, administrative management, infrastructure, and required allowances.

Health human resources constitute a vital foundational pillar of the healthcare system. He expressed the great pleasure over new doctors joining the Ministry of Health following the completion of their internship to contribute to public healthcare services. The government also extends a warm welcome to the new recruits. Arrangements were made to directly appoint those who completed their internship to quickly fill physician vacancies and provide healthcare services to public patients at public hospitals.

In July 2025, a total of 1,276 newly appointed medical doctors and 23 newly appointed dental surgeons were assigned duties; they are currently serving their national duties faithfully in designated areas while preparing to sit for postgraduate medical entrance examinations.

Alongside fulfilling health human resources, he urged them to strive toward becoming well-rounded healthcare professionals and staff who excel not only in quantity but also in quality and capability. For its part, the State continues to continuously train and produce health workforces to deliver public-centered healthcare services with professional dignity and medical ethics.

As newly appointed gazetted civil servants, they will pursue further training in administrative and leadership skills required for the workplace at respective Civil Service Academies. During this training, they will also be able to cultivate positive attributes such as perseverance, resilience, fortitude, patience, and discipline.

Having become civil servants, they must uphold professional ethics while consistently maintaining integrity, accountability, responsibility, discipline, and respect for the public. He reminded to always bear in mind that each of their actions reflects not only their personal honor but also the dignity of the Ministry of Health. Additionally, he stated that the Ministry of Health has arranged orientation courses at assigned hospitals to familiarize them with Civil Service laws, rules, regulations, ethics, and standard procedures.

He stated that the newly appointed doctors need to continuously enhance their academic qualifications and professional competence. In providing medical treatment, they must prioritize loving-kindness and compassion, treating patients with a family-like spirit as if they were their own parents, siblings, and relatives. Furthermore, he instructed to strictly observe medical ethics, focusing on actively listening to patients, offering clear explanations to patients and their families, safeguarding patient privacy and confidentiality, and respecting patient dignity. **The President urged them to strive to become reliable, responsible, patient-centered doctors whom the State can depend upon while safeguarding the dignity of their profession.**

As medical science is constantly evolving, today's knowledge can be further advanced and updated tomorrow. Therefore, continuous, lifelong learning is essential throughout a medical professional's career. He encouraged them to read consistently for life and knowledge, learn from experienced senior medical professors and mentors, regularly self-reflect on their practices to deliver better treatment, engage in research and innovation, and strive to match regional standards in medical care. In addition, he expressed the support for their efforts to further pursue Master's and Doctorate degrees, and to strive to become specialists and professors to elevate their academic and professional standing.

He also advised to study modern and advancing medical technologies, including AI-driven treatments, digital health, and telemedicine.

As the Ministry of Health works tirelessly day and night with the objectives of elevating national healthcare standards, ensuring longevity, and preventing disease for the entire public, today's ceremony marks a crucial milestone toward achieving these goals. The appointment letters received today signify not only the commencement of their duties but also the acceptance of trust entrusted by the State and the public. He urged to treasure this trust, dedicate their knowledge, time, effort, and goodwill toward public health, prioritize patients based on expertise and ethics throughout their medical careers, value their assigned regions, collaborate with colleagues, and pursue continuous learning.

Protecting the health of an individual is equivalent to safeguarding the future of a family. Therefore, he called upon them to make the best use of their knowledge and goodwill for the public good, and to strive to become good doctors relied upon by the State and trusted healthcare professionals relied upon by the public.

Subsequently, the President presented appointment letters for gazetted civil service officers to representatives from the respective medical universities, who accepted them on behalf of their institutions.

Afterward, a representative of the newly appointed doctors delivered a speech of thanks. Following that, the President and attendees watched a documentary video clip highlighting the Ministry of Health's operational achievements toward its targets of longevity and disease prevention for all.

Later, students from the University of Medicine 1, Yangon, presented a musical performance titled "Land of National Brethren."

The President then presented fruit baskets and cash awards to the performing students and staff, greeting them warmly.

Myawady

Illegal 13-storey building used in online scams/gambling in Shwe Kokko (Part-II) demolished, remaining ones to be knocked down



Systematic demolition of a 5-storey building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW October 12

As the government has placed a special emphasis on eradication of online scams and gambling, which has posed a threat to the global socio-economic space and national security, in cooperation with neighbouring and regional countries, total demolition of illegal buildings in Shwe Kokko in Myawady District in Kayin State, where most online scams and gambling were based, is being out by interdepartmental teams comprising security forces, administrative bodies and local authorities. In doing so, a 13-storey building was detonated while two 5-storey buildings were being systematically knocked down with the use of machinery.

Remaining 63 buildings used in online scams and gambling to be demolished were classified into ones to be destroyed with the use of machinery, to be detonated and to be levelled down manually floor by floor due to their proximity to residential buildings and systematic demolition tasks are being carried out. Today, 90 percent of demolition works of a five-storey building out of those to be brought down with the use of machinery completed while 20 percent of demolition tasks of another 5-storey building was carried out. Moreover, a 13-storey building to be detonated was totally demolished.

The interdepartmental teams will continue to systematically knock down the remaining buildings used in online scams and gambling in Shwe Kokko (Part-II). The government has placed emphasis on combat against online scams and gambling as a national responsibility and has been conducting effective raids against them so that they cannot take root in the country in coordination with local forces as well as neighbouring governments. **100**

လမ်းဖြတ်ကူးရာတွင် သတ်မှတ်နေရာမှ ဖြတ်သန်းခြင်းမပြုပါက ထိရောက်စွာအရေးယူမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း လမ်းအသုံးပြုသူ ပြည်သူများအနေဖြင့် လမ်းဖြတ်ကူးရာတွင် သတ်မှတ်ထားသည့် နေရာမှ ဖြတ်သန်းခြင်းမပြုပါက အောက်တိုဘာလ ၁၂ ရက်မှစတင်၍ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ သိရသည်။

စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသော နေရာများမှ လမ်းဖြတ်ကူးရမည် ဖြစ်ပြီး စည်းကမ်းလိုက်နာမှုမရှိပါက ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်သည်။

“လမ်းဖြတ်ကူးသူတွေအနေနဲ့ သတ်မှတ်ထားတဲ့ လူကူးမျဉ်းကျား၊ ခုံးကျော်တံတား၊ မြေအောက်လမ်း



ကနေဖြတ်သန်းဖို့ပညာပေးကာလ အဖြစ် ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီနေ့ကစပြီး အရေးယူမှု စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးလိုတဲ့အတွက် အခုလိုဆောင်ရွက်တာဖြစ်ပါတယ်”ဟုကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမိုးဝင်းကပြောသည်။

သက်ဆိုင်ရာမြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့များက ပြည်သူများ လူကူးမျဉ်းကျားနှင့် ခုံးကျော်တံတားကို စနစ်တကျ ဖြတ်သန်းသွားလာအသုံးပြုကြရန်အသိပညာပေးကာလသတ်မှတ်ပြီး အသိပေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆူးလေခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတား၊ ဗိုလ်တထောင်ဘုရားခုံးကျော်တံတား၊ စမ်းချောင်းမဟာမြိုင်ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ဗိုလ်ချုပ်စျေးခုံးကျော်တံတားနှင့် ကမ္ဘာအေးဘုရား ခုံးကျော်တံတားတို့တွင် နေ့စဉ် ပြည်သူအများအပြား သွားလာလျက်ရှိပြီး ခုံးကျော်တံတားကို အသုံးမပြုဘဲ တံတားအောက်မှ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ လူနှင့်ယာဉ် ထိခိုက်မှုများဖြစ်ပွားလေ့ရှိသည့်အတွက် အောက်တိုဘာလ ၁၂ ရက်မှ စတင်ကာ သတ်မှတ်စည်းကမ်းများကို လိုက်နာမှုမရှိသူများကို ဒဏ်ငွေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

ဘုရင့်နောင်ကန်ရှိ ရေပန်းအလှဆင်မီးလုံးတပ်ဆင်ထားမှု မှတ်တမ်းဓာတ်ပုံ။



ရေပန်းအလှဆင်မီးလုံးများနှင့် ဝိုင်ယာကြိုးများ ခိုးယူသွားသူများကို အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထား

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)အနေဖြင့် မြေသားမိုးရေစုကန်များအား သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများ သန့်ရှင်းသောရေရယူသုံးစွဲနိုင်ရန်နှင့် အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဒလမြို့နယ်အတွင်းရှိသောက် သုံးရေကန်များကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အများပြည်သူ အပန်းဖြေအနားယူချိန်တွင် စိတ်ကြည်လင်လန်းဆန်းစေရန်နှင့် မျက်စိပသာဒဖြစ်စေရန် ရည်ရွယ်တပ်ဆင်ထားသော ဒလမြို့ ဘုရင့်နောင်ရပ်ကွက်ရှိ ဘုရင့်နောင်ကန်၌ ရေပန်းအလှဆင်မီးလုံးများ၊ စက်မြေရပ်ကွက်ရှိ စည်ပင်မင်္ဂလာကန်အမှတ်(၁) နှင့် စည်ပင်မင်္ဂလာကန်အမှတ်(၂)တို့တွင် တပ်ဆင်ထားသော ရေပန်းအလှဆင်မီးလုံးသို့ သွယ်တန်းထားသည့် ဝိုင်ယာကြိုးများသည် အောက်တိုဘာလ ၉ ရက်နှင့်၁၁ ရက်တို့တွင် ခိုးယူခြင်းခံရသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဒလမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားပြီး ခိုးယူသွားသူများကို အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

ထို့ပြင် ကန်သန့်ရှင်းသာယာရေးနှင့် ကန်လုံခြုံရေးတို့ကို ပြည်သူများအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မေတ္တာရပ်ခံထားကြောင်း သိရသည်။ **မြဝတီ**

ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့်ကြည့်မြင်တိုင်မြို့နယ်နှင့်လှိုင်မြို့နယ်တို့တွင် ငွေကျပ် ၆၄၀ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၂

ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့် ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ငွေကျပ် ၆၄၀ သိန်းတန်ဖိုးရှိစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ပျော်ဘွယ်မြို့နယ် တောင်ဂွရွာအနီးတွင် သာစည်မြို့နယ် ပြည်ညောင်ရွာနေ စိုးမင်း(၄၈)နှစ် မောင်းနှင်လာသော CZI 125 အမျိုးအစား ဆိုင်ကယ်နှင့် ညောင်ရွှေမြို့နယ် လုံကန်ရွာနေသူများဖြစ်သည့် စိုင်းလုံဝမ်း(၂၂)နှစ် မောင်းနှင်ပြီး လင်းထက်အောင် (၂၂)နှစ်လိုက်ပါလာသော HONDA 100 အမျိုးအစား ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ် ၂ စီးပေါ်မှ ၎င်းတို့သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၇ ဒသမ ၅ သိန်း)နှင့် ဘိန်းဆီခဲ ၁ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇ ဒသမ ၅ သိန်း) တို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ညောင်ရွှေမြို့နယ်၊ ကုလားကုန်းရွာနေ ရှမ်းကြီး(ခ) ဘမော်(၄၂)နှစ်အား သာစည်မြို့နယ်၊ ချောက်ခွဲကျေးရွာအနီးတွင် TOYOMAX ဆိုင်ကယ် ၁ စီးနှင့်လည်းကောင်း၊ အောက်တိုဘာလ ၁၀ ရက် နံနက် ၁၁ နာရီတွင် ကောလင်းမြို့နယ်၊ ချဉ်ပြစ်ခုံရွာနေ ဇင်မင်းထွေး(၃၄) နှစ်အား အမရပူရမြို့နယ်၊ မြစ်ငယ်-

စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး(ခ) ဘမော်နှင့်ဇင်မင်းထွေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇ ဒသမ ၅ သိန်း) တို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ညောင်ရွှေမြို့နယ်၊ ကုလားကုန်းရွာနေ ရှမ်းကြီး(ခ) ဘမော်(၄၂)နှစ်အား သာစည်မြို့နယ်၊ ချောက်ခွဲကျေးရွာအနီးတွင် TOYOMAX ဆိုင်ကယ် ၁ စီးနှင့်လည်းကောင်း၊ အောက်တိုဘာလ ၁၀ ရက် နံနက် ၁၁ နာရီတွင် ကောလင်းမြို့နယ်၊ ချဉ်ပြစ်ခုံရွာနေ ဇင်မင်းထွေး(၃၄) နှစ်အား အမရပူရမြို့နယ်၊ မြစ်ငယ်-မန္တလေး-စစ်ကိုင်းသွားလမ်းဆုံတွင်လည်းကောင်း ဖမ်းဆီးရမိသဖြင့် စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး(ခ) ဘမော်နှင့် ဇင်မင်းထွေးတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်းသတင်းရရှိသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရကြည့်မြင်တိုင်မြို့နယ်ဆေးငြိမ်းရပ်ကွက် ကမ်းနားလမ်းတွင် တွေ့ရှိသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အပြင်ပဒေါ်ရွာနေ အောင်မျိုးဦး (၂၇)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆ သိန်း) အား ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၁)လမ်းတွင် ထန်းတပင်မြို့နယ် သရက်ခြံရွာနေ ထွန်းထွန်းလင်း (ခ) ကောက်ကွေး(၄၈)နှစ်ထံမှ စိတ်ကြွဆေးပြား ၁၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၄ သိန်း)အားလည်းကောင်း၊ ည ၆ နာရီတွင်သန်လျက်မြို့နယ်ကညင်ပင်ရွာနေ ရဲဝင့်အောင်(ခ) ကိုရဲ (၃၅)နှစ်အား အဆိုပါနေရာ၌ စိတ်ကြွဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) အား လည်းကောင်း ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မျိုးဦး၊ ထွန်းထွန်းလင်း (ခ)ကောက်ကွေးနှင့် ရဲဝင့်အောင် (ခ)ကိုရဲတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **မြဝတီ**

ပျောက်ဆုံးကြောင်း

စောရှိလမိုဒေး(ဘ)ဦးစောဒေးဗစ် ၁၂/အစန(နိုင်)၂၀၁၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 184042)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၈၅၅၈၀၈

ပျောက်ဆုံးကြောင်း

မောင်ပြည့်ဖြိုး(ဘ)ဦးမြင့်အေး ၇/အတန(နိုင်)၁၄၃၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 404121)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၃၁၆၂

ပျောက်ဆုံးကြောင်း

မစ်ပယ်(ဘ)ဦးအောင်ကြီးမြင့် ၁၀/ပမန(နိုင်)၂၀၁၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 151048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၃၁၆၂

ပျောက်ဆုံးကြောင်း

ရဲဇော်ဦး(ဘ)ဦးခင်ဇော်လတ် ၇/ပခန(နိုင်)၄၇၇၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၂၁၂၄၇

ပျောက်ဆုံးကြောင်း

ဦးကျော်ကျော်လွင် ၁၄/မမန(ဧည့်)၀၀၀၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၃၁၆၂

ပျောက်ဆုံးကြောင်း

မျိုးသန့်ဇင်(ဘ)ဦးရွှေသိန်းမောင် ၁၁/မဧဋန(နိုင်)၁၂၆၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 408565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၀၀၅၇၀၈၄

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာနေ စောရန်နိုင်(ဘ)ဦးထွန်းညွှန့် ၁၀/ပမန(နိုင်)၁၇၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 700711)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၁၆၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာနေ စောကျော်မင်းထွန်း(ဘ)ဦးမောင်မြင့် ၁၀/ပမန(နိုင်)၁၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 029376)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၁၆၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲထော်သလေးအုပ်စု၊ မေတ္တာလင်းမြိုင်ကျေးရွာနေ မျိုးမျိုးထွေး(ဘ)ဦးစိန်ဆွေထွေး ၁၀/သထန(နိုင်)၃၇၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 355364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၁၆၆၉၄၀၇၂

ပျောက်ဆုံးကြောင်း

ရီမေသန်း(ဘ)စံသာထွန်း ၁၁/မဧဋန(နိုင်)၁၂၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၁၃၃၄၉၁၉

ပျောက်ဆုံးကြောင်း

အောင်မျိုးထက်(ဘ)ဦးလှသောင်း ၁၄/၁၆ရ(နိုင်)၁၂၄၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 180625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၁၂၁၄၄

ပျောက်ဆုံးကြောင်း

စိုးစိုးဝင်း(ဘ)ဆွေယောဒိကိုဘီ ၁၂/သဃက(နိုင်)၁၄၁၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 950196)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၂၂၂၁၂၁

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်
(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်ထိန်း (လစာနှုန်း ကျပ် ၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀)ရာထူး(၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းလက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ၃၀-၉-၂၀၂၆ ရက်နေ့တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်သူနှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ(၁၂)ရရှိပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အသက်(၂၈)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဃ) အမျိုးသားများသာလျှောက်ထားနိုင်သည်။
(င) အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-
(က) ကိုယ်ရေးလျှောက်လွှာ
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်ချုပ်
(ဂ) အသက်အထောက်အထားအတွက်နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ
(ဃ) ပညာအရည်အချင်းအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်လက်မှတ်မူရင်း/မိတ္တူ
(င) (၂)လအတွင်းရိုက်ထားသောပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံ(၂)ပုံ
(ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
(စ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်
(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်)(သက်တမ်းတိုးပြီး)

၅။ မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာပုံစံများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၉-၁၁-၂၀၂၆ ရက်နေ့မှ ၁၃-၁၁-၂၀၂၆ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(**အကောက်ခွန်သင်တန်းကျောင်း**)တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၇။ လျှောက်လွှာများလက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇)နယ်မြေ၊ ကျောက်တံတားမြို့နယ်မှပေးပို့လာသည့် အလလခ(ပုံစံ-ဖ)တွင် အမည်စာရင်းပါရှိသူများ၏လျှောက်လွှာများကိုသာ ၁၆-၁၁-၂၀၂၆ ရက်နေ့မှ ၂၀-၁၁-၂၀၂၆ ရက်နေ့အထိ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံး၀(လုံး၀)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့(**အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**)ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(**အကောက်ခွန်သင်တန်းကျောင်း**)ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်၊ နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်ရေးထိုးရမည်ဖြစ်ပြီး ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၁၈ သိန်း (ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်းပေးလျော်ရမည်။

၁၂။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအတွက် တင်ပြရန်လိုအပ်သောမူရင်းလက်မှတ်များဖြစ်သည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၉-၇၇၀၅၃၄၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အကောက်ခွန်ဦးစီးဌာန

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁	၃၄၄/မမ/CE	Grooved Rubber Pad(China)(627,600)Nos ဝယ်ယူရန်
၂	၃၄၅/မမ/CE	High Tension Bolt & Nut(Ø 24 mm x 125 mm)(89,830)Nos ဝယ်ယူရန်

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၈-၁၀-၂၀၂၆)နေ့လည်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၃-၁၀-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-294352, 291994

ပျောက်ဆုံးကြောင်း
အောင်အောင်ဦး(ဘ)ဦးမင်းထွဋ်ဦး ၁၂/ဒဂရ(နိုင်)၀၀၈၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၇၇၀၆၃၃၅၅

ပျောက်ဆုံးကြောင်း
ကောင်းဆက်လင်း(ဘ)ဦးသန်းထိုက်စိုး ၁၂/အလန(နိုင်)၀၅၀၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 732392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၅၇၄၀၅

ပျောက်ဆုံးကြောင်း
စောသည်းဖူးလှိုင်(ဘ)ဦးတင်ရှိန် ၁၄/ခနဖ(နိုင်)၁၈၁၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 397266)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၉၃၅၅၀

ပျောက်ဆုံးကြောင်း
စိုက်ချန်(ဘ)ဦးမော်ကိန်းလင် ၁၃/ကလတ(နိုင်)၀၃၉၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၉၂၂၀၁၀

ပျောက်ဆုံးကြောင်း
ဝေယံမင်းခန့်(ဘ)ဦးတင်ဝင်း ၁၄/မမန(နိုင်)၃၀၁၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၉၃၇၇၁၉

ပျောက်ဆုံးကြောင်း
ညီညီ(စန်း)(ဘ)ဦးနေဝင်း ၁/မညန(နိုင်)၀၈၃၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၅၅၃၂၇

ပျောက်ဆုံးကြောင်း
စိုင်းလှမျိုးထက်ကျော်(ဘ)ဦးဝင်းကြူ ၁၂/လမတ(နိုင်)၀၃၀၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
မောင်မောင်ဌေး(ဘ)ဦးရှော်မိရော်မ ၁၂/ဒဂတ(နိုင်)၁၃၆၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၇၃၁၈၉၉

ပျောက်ဆုံးကြောင်း
၀င်းမင်းအောင်(ဘ)ဦးမြင့်လှိုင် ၈/နမန(နိုင်)၂၄၄၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 593016)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၆၀၆၄၆၂၅

ပျောက်ဆုံးကြောင်း
မဟာမိတ်အီဆာ(ဘ)ဦးမိုဟာန်မက်ဟာနစ် ၁၂/လမန(နိုင်)၀၃၄၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၂၀၁၃

ပျောက်ဆုံးကြောင်း
နွမ်ရှင်ကျိန်(ဘ)ဦးခမ်ဒိုထန် ၅/ခပန(နိုင်)၀၁၀၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၃၈၅၅၈၀၈

ပျောက်ဆုံးကြောင်း
အောင်မျိုးသူ(ဘ)ဦးလှကြိုင် ၁၄/ခနဖ(နိုင်)၁၃၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
သူရဝင်း(ဘ)ဦး၀င်းမြင့် ၁၄/ကပန(နိုင်)၁၉၉၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ဇေယျာမင်း(ဘ)ဦးတင်ငြိမ်း ၇/ဖမန(နိုင်)၁၉၆၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
မိုးကျော်ထက်(ဘ)ဦးကျားမနိုင် ၁၄/မမန(နိုင်)၃၀၀၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
သီဟချို(ဘ)ဦးခင်မောင်ချို ၇/နတလ(နိုင်)၀၀၁၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ပြိုးရတနာအေး(ဘ)ဦးထွန်းအေး ၃/ကဆက(နိုင်)၀၈၀၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
ဟေမာန်ဦး(ဘ)ဦးထောင်းလျန်ထန်း ၁၄/လပတ(နိုင်)၁၅၀၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 735022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၈၄၅၅၃၃၃

ပျောက်ဆုံးကြောင်း
ဆုမြတ်နိုးလွင် (ဘ)ဦးကျော်လွင်ဌေး၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၇၄၁၅၆၉၉

ပျောက်ဆုံးကြောင်း
သီဟဗိုလ်(ဘ)ဦးတင်မောင်ဗိုလ် ၈/မကန(နိုင်)၁၅၁၁၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 596178)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးအောင်ရင် ၉/မတရ(နိုင်)၁၆၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၃၄၄၇၃၃

ပျောက်ဆုံးကြောင်း
အောင်နိုင်ဦး(ဘ)ဦးမြင့်နိုင် ၁၂/တမန(နိုင်)၁၁၇၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၅၁၁၁၅

ပျောက်ဆုံးကြောင်း
နန့်လှိုင်းထက်ရတနာထွေး(ဘ)ဦးဌေးဝင်း ၁၄/ပတန(နိုင်)၂၀၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 673187)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၅၅၈၆၃

တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ အမက ကျောင်း(လေထိုးကုန်း)မှ ဒေါ်သန်းအေး(ခ)ဒေါ်သန်းသန်းအေး ၁၃/ပတယ(နိုင်)၀၀၀၃၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း၊ **ဒေါ်သန်းအေး(ခ)ဒေါ်သန်းသန်းအေး**

ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲကနယ်အုပ်စု၊ ပွင့်လင်းအေးမြိုင်ကျေးရွာနေ အောင်နိုင်(ဘ)ဦးဖေသန်း ၁၀/ကမရ(နိုင်)၁၇၂၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 100219)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၂၉၉၇၈၀

ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမင်းမြို့နေ မခင်နှင်းဝေ(ဘ)ဦးအောင်ဆန်းဦး ၁၄/ပသန(နိုင်)၃၂၀၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 935116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၆၄၀၉၈၉

ပျောက်ဆုံးကြောင်း
ပျော်ဘွယ်မြို့၊ ဖွဲ့သင်းအုပ်စု၊ ဖွဲ့သင်းရွာနေ ကျော်စိုးထွန်း(ဘ)ဦးသန်းဇော်အေး ၉/ပဘန(နိုင်)၂၅၇၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂၅

ပျောက်ဆုံးကြောင်း
မွန်ပြည်နယ်၊ သထုံမြို့နယ်၊ တံတားဦးကျေးရွာနေ မအေးဝင်းစန်း(ဘ)ဦး၀င်းနိုင် ၁၀/သထန(နိုင်)၂၆၉၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 856704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၃၁၄၆၀၁

ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲကနယ်အုပ်စု၊ ပွင့်လင်းအေးမြိုင်ကျေးရွာနေ စောခင်လှ(ဘ)ဦးစောစထူး ၃/ဘအန(နိုင်)၃၃၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 153431)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၈၂၈၇၀၀

ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ မနန်းဆုမွန်သိန်း(ဘ)ဦးစိုးဝင်း ၇/ဝမန(နိုင်)၁၆၈၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 478789)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၃၀၄၀၆၀၁၇

ပျောက်ဆုံးကြောင်း
ကော့ကရိတ်မြို့နေ စောကျော်ရိန်း(ဘ)ဦးအဲဖုံး ၃/ကကရ (နိုင်)၁၈၂၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 505758)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း
ပုလောမြို့၊ (၅)ရပ်ကွက်၊ ဇေယျာသီရိလမ်းနေ ဖြူဖြူဝေ၀င်း(ဘ)ဦးကျော်သန်း၆/ပလန(နိုင်)၁၀၄၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၁၃၂၂၇၇

ပျောက်ဆုံးကြောင်း
ကော့ကရိတ်မြို့၊ (၅)ရပ်ကွက်၊ ကွက်သစ်လမ်းနေ နန်းနမွဲ့စန်းလွင်ဦး(ဘ)စောမမိ ၃/ကကရ(နိုင်)၁၉၁၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 661120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၆၃၇၉၁၉၉

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန်မြေပြင်အေးခဲထုတ်လုပ်ခြင်း (အဆောင်းခန်းစက်ရုံ)



အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com





ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၂


နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့်ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ၅ ထပ်အဆောက်အအုံ ၂ လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။



ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ်အဆောက်အအုံ ၁ လုံးအားယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန် ကျန်အဆောက်အအုံများအား စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက်ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း
၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်
(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)ရာထူး ကျား(၄၅)နေရာ၊ မ(၂၀)နေရာ၊ စုစုပေါင်း(၆၅)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကိုလက်ခံမည်မဟုတ်ပါ။

၃။ အထက်ဖော်ပြပါရာထူးနေရာများအတွက်လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၉-၂၀၂၆ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက်(၂၈)နှစ်ထက် မကျော်လွန်သူနှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ(၁၂)လက်မှတ်ရရှိသူများဖြစ်ပါက အသက်(၃၁)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဘွဲ့ရရှိသူများသည် အသက်(၃၀)နှစ်ထက်မကျော်လွန်သူနှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ(၁၂)လက်မှတ်ရရှိပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အသက်(၃၃)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

(ဆ) အောက်ပါဘာသာရပ်များဖြင့် နိုင်ငံတော်အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့/မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့[B.A(EPP)]၊ လုပ်ငန်းသုံးအင်္ဂလိပ်စာမဟာဘွဲ့[M.A(EPP)]

(၃) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)၊ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]

(၄) ဥပဒေဘွဲ့(LL.B)၊ မဟာဥပဒေဘွဲ့(LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့(B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့(M.Com)/ဘောဂဗေဒပညာဘွဲ့[B.Econ(Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့[M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့[B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့[M.Econ.(stats)]/စာရင်းကိုင်ပညာဘွဲ့(B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့(M.Act)/ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့(B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့(M.DevS)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့(BBA)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့(BPA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)

(၆) နိုင်ငံခြားဘာသာတက္ကသိုလ်မှချီးမြှင့်သော ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ)[B.A(English, Thai, Japan, Korea, China, French, Russia, German)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ)[M.A(English, Thai, Japan, Korea, China, French, Russia, German)]

(၇) ဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[B.A(IR)]၊ မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A(IR)]

(၈) အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[B.E.(Textile)]၊ မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်)[M.E.(Textile)]

(၉) အင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်)[B.E.(Mechatronic)]၊ မဟာအင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်)[M.E.(Mechatronic)]

(၁၀) အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E.(Mechnical)]၊ မဟာအင်ဂျင်နီယာဘွဲ့(စက်မှု)[M.E.(Mechnical)]

(၁၁) အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်နှင့်ဆက်သွယ်ရေးနည်းပညာ)[B.E.(Electronic and Communication)]၊ မဟာအင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်နှင့်ဆက်သွယ်ရေးနည်းပညာ)[M.E.(Electronic and Communication)]

(၁၂) အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား)[B.E.(Electrical Power)]၊ မဟာအင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) [M.E.(Electrical Power)]

(၁၃) အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E.(Civil)]၊ မဟာအင်ဂျင်နီယာဘွဲ့(မြို့ပြ)[M.E.(Civil)]

(၁၄) အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[B.E.(Information Science and Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E.(Information Science and Technology)]

(၁၅) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[B.E.(Information Technology)]၊ မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[M.E.(Information Technology)]၊

(၁၆) အင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[B.E.(Computer Engineering)]၊ မဟာအင်ဂျင်နီယာဘွဲ့(ကွန်ပျူတာအင်ဂျင်နီယာ)[M.E.(Computer Engineering)]

(၁၇) အင်ဂျင်နီယာဘွဲ့(ဓာတု)[B.E.(Chemical)]၊ မဟာအင်ဂျင်နီယာဘွဲ့(ဓာတု)[M.E.(Chemical)]

(၁၈) သိပ္ပံဘွဲ့(ရူပဗေဒ)[B.Sc(Phys)]၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)[M.Sc(Phys)]

(၁၉) သိပ္ပံဘွဲ့(ဓာတုဗေဒ)[B.Sc(Chem)]၊ မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)[M.Sc(Chem)]

(၂၀) သိပ္ပံဘွဲ့(သင်္ချာ)[B.Sc(Maths)]၊ မဟာသိပ္ပံဘွဲ့(သင်္ချာ)[M.Sc(Maths)]

(၂၁) သိပ္ပံဘွဲ့(ရုက္ခဗေဒ)[B.Sc(Botany)]၊ မဟာသိပ္ပံဘွဲ့(ရုက္ခဗေဒ)[M.Sc(Botany)]

(၂၂) သိပ္ပံဘွဲ့(သတ္တဗေဒ)[B.Sc(Zoology)]၊ မဟာသိပ္ပံဘွဲ့(သတ္တဗေဒ)[M.Sc(Zoology)]

(၂၃) သိပ္ပံဘွဲ့(ဘူမိဗေဒ)[B.Sc(Geology)]၊ မဟာသိပ္ပံဘွဲ့(ဘူမိဗေဒ)[M.Sc(Geology)]

(၂၄) သိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[B.Sc(IC)]၊ မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ)[M.Sc(IC)]

(၂၅) စိုက်ပျိုးရေးသိပ္ပံဘွဲ့[B.Agr.Sc(Agriculture Science)]၊ စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့[M.Agr.Sc(Agriculture Science)]

(၂၆) သိပ္ပံဘွဲ့(ပတ်ဝန်းကျင်)[B.Sc(Environmental Science)]၊ မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်)[M.Sc(Environmental Science)]

(၂၇) သိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[B.Sc(Biochemistry)]၊ မဟာသိပ္ပံဘွဲ့(ဇီဝဓာတုဗေဒ)[M.Sc(Biochemistry)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်း/မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက်ဘွဲ့/မဟာဘွဲ့လက်မှတ်မူရင်း/မိတ္တူ

(စ) (၂)လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ်(၁.၂" x ၁.၄")ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသား စိစစ်ရေးအမှတ်ရေးသားရန်)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/မိတ္တူ(သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာဘာသာရပ်ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၉-၁၁-၂၀၂၆ ရက်နေ့မှ ၁၃-၁၁-၂၀၂၆ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာအောက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

မြစ်ကြီးနား	- ၀၇၄-၂၅၃၇၆၃	လွိုင်ကော်	- ၀၈၃-၂၂၁၁၁၇	မြဝတီ	- ၀၅၈-၅၀၀၂၄
ဘားအံ	- ၀၅၈-၂၁၈၀၈	ဟားခါး	- ၀၇၀-၂၁၈၀၉	မန္တလေး	- ၀၂-၄၀၇၀၃၂၇
မော်လမြိုင်	- ၀၅၇-၂၀၂၁၀၆၉	ကျောက်ဖြူ	- ၀၄၃-၄၆၀၉၈	စစ်ကိုင်း	- ၀၄၃-၂၀၂၁၀၁၉
မူဆယ်	- ၀၈၂-၅၀၅၂၄	လားရှိုး	- ၀၈၂-၂၂၀၃၀၆၈	ပုသိမ်	- ၀၄၂-၂၁၀၀၈
တောင်ကြီး	- ၀၈၁-၂၁၂၁၁၈	ကျိုင်းတုံ	- ၀၈၄-၂၁၀၀၂၈	တာချီလိတ်	- ၀၈၄-၅၁၀၀၅၅
မိုင်းဆတ်	- ၀၈၄-၆၀၁၀၃	မုံရွာ	- ၀၇၁-၂၁၁၆၁	မကွေး	- ၀၆၃-၂၈၇၁၆
မြိတ်	- ၀၅၉-၄၁၀၀၂	ထားဝယ်	- ၀၅၉-၂၀၂၁၂၀၃	ကော့သောင်း	- ၀၅၉-၅၁၀၀၅၅
ပဲခူး	- ၀၂၅-၆၅၄၅၅	နေပြည်တော်	- ၀၆၇-၃၄၁၀၀၆၀		

၇။ လျှောက်လွှာများကို ၁၆-၁၁-၂၀၂၆ ရက်နေ့မှ ၂၀-၁၁-၂၀၂၆ ရက်နေ့အထိ **ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း) နှင့် နီးစပ်ရာအထက်ဖော်ပြပါမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၈။ စိစစ်ချက်အရ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံး၀(လုံး၀)ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁) ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**(အကောက်ခွန်သင်တန်းကျောင်း)**ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင်ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်းယူဆောင်လာရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အလုပ်သင်ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာကျွမ်းကျင်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ်ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှုကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး(လစာနှုန်းကျပ် ၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀) ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်၊ နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်ရေးထိုးရမည်ဖြစ်ပြီး ပျက်ကွက်ပါကလျော်ကြေးငွေကျပ် ၂၀ သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်းပေးလျော်ရမည်။

၁၃။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၄။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သောဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၉-၇၇၀၅၃၄၆၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အကောက်ခွန်ဦးစီးဌာန

ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(ကန်လှ) Grade-12 မှ မောင်ကျော်လင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟံ ၉/လဝန(နိုင်)၀၈၂၈၉၂ ဖြစ်ပါကြောင်း။

ဦးသိန်းဟံ

ပျောက်ဆုံးကြောင်း

အီးခမ်းလတ်(ဘ)ဦးရဲနိုသိုက် ၁၃/မလန(နိုင်)၀၅၄၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 544231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၀၈၁

ပျောက်ဆုံးကြောင်း

မိုမို့သိမ့်(ဘ)ဦးလှဌေး ၇/ဖမန(နိုင်)၂၃၈၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

ဟောက်ဇဒိမ်(ဘ)ဦးလွင်ကပ် ၅/ကလထ(နိုင်)၁၅၅၀၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

ရွှန်းလွဲဦး(ဘ)ဦးမင်းထိုက် ၁၂/ရုကန(နိုင်)၀၉၁၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 947756)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

ဟိန်းရာဇာဝင်း(ဘ)ဦးကြည်ဝင်း ၁၂/ဗတာထ(နိုင်)၀၄၁၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

စန်းစန်းမိုး(ဘ)ဦးတင်စိုး ၁၂/ဒဂမ(နိုင်)၀၃၀၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 233474)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

ချမ်းငြိမ်းအောင်(ဘ)ဦးအောင်ဌေးဝင်း ၁၂/ဥကမ(နိုင်)၁၇၈၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(840223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၇၇၂၆၁

ပျောက်ဆုံးကြောင်း

မောင်ဒေဝူး(ဘ)ဦးလှစိုး ၁၄/ဒဒရ(နိုင်)၂၂၀၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 923114)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၅၂

ပျောက်ဆုံးကြောင်း

မောင်ပေါ်ဆန်း(ဘ)ဦးအောင်တင် ၈/ငဖန(နိုင်)၀၃၄၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

လင်းသီတဂူခင်(ဘ)ဦးသူရလွင်ဦး ၁၂/ဒဂမ(နိုင်)၀၄၉၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၁၃၂၇

ပျောက်ဆုံးကြောင်း

နှင်းဝေလိုင်(ဘ)ဦးတင်လိုင် ၇/ပခတ(နိုင်)၀၇၇၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၀၈၇၂၁၉

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန် **ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှစတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သချိ်ာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၂** ရက်နေ့မှ **၆** ရက်နေ့အတွင်း သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

“အိမ်း လူကလေး ငါတို့ကိုယ်တော်ကြီးဘုရားရဲ့ မြောက်ဆောင်တော် သမီးတော်လေး စမွယ်နဂိုရ်မြို့စားမင်းသမီးလေး မွေးနေ့မင်္ဂလာ ကျင်းပမယ်တဲ့ မောင်မင်းရဲ့၊ လူကလေး အသရေလင်္ကာတစ်ပုဒ် ဆက်သွင်းကွယ်၊ အဘကိုယ်တိုင် အရှင့်လက်တော်အရောက် ဆက်သပေးမယ် ကွယ်နော်”

“မှန်ပါ့၊ ဘဘဘုရား”

ဤသို့ဖြင့် အိမ်ရှေ့စံကိုယ်တော်ကြီး၏ မြောက်ဆောင်တော်မိဖုရားက ဖွားမြင်သော မြတ်နိုးတော်အမူဆုံး သမီးတော်လေး သီရိအာသာဝတီမင်းသမီး မွေးနေ့မင်္ဂလာပွဲကို အိမ်ရှေ့မင်းတရားစံအိမ်တော်ကြီး၌ ကျင်းပခဲ့ရာ အရှင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့မှအပ ကျန်ဒေဝီခံမိဖုရားများ၊ အဆောင်ရမိဖုရားများ၊ ကိုယ်လုပ်တော် မောင်းမမိသံများ၊ အိမ်တော်ပါများ၊ မှူးကြီးမတ်ကြီး စစ်သေနာပတိတို့ အစုံအလင် လာရောက်ချီးမြှင့်ကြ၏။

ထိုပွဲတွင် ဘဝရှင်မင်းတရားကြီး၏ သားတော်၊ သမီးတော်၊ ဝန်မင်း၊ အမတ်မင်းတို့နှင့် တစ်ခါက မြောက်ဥယျာဉ်တော်၌ သူနှင့်မျက်လုံးချင်း စကားပြောခဲ့ရသော အရှင့်သမီးတော် လှထိပ်ခေါင်တင်မင်းသမီးလေးကိုလည်း သေသေချာချာမြင်ခဲ့ရလေသည်။

စံနက်ကျော် ဆက်သွင်းသော အသရေရတုပိုဒ်စုံကိုလည်း မင်းတရား လက်ဝယ်သို့ ဆက်သခဲ့ရာ တစ်ခုသောနံနက် ညီလာခံသဘင်သို့ တက်ရောက်ရမည့် မင်းလှနော်ရထာ ဦးကျော်ရွှေးက စံနက်ကျော်ကို ခေါ်ပြောသည်။

“ကဲ လူကလေးငစံနက်၊ အခါတော်ဖြင့် ကျပဟေ့၊ ဒီနံနက် ညီလာခံဝင်ရင် ငါရဲ့ နောက်တော်ပါးက ကွမ်းတော်ကိုင်အဖြစ် မောင်မင်းလိုက်ရမကွဲ့၊ ကောင်းမွန်သပ်ရပ်တဲ့ ကိုယ်ဝတ်များ အသင့်ပြင်ထားချေကွဲ့”

စံနက်ကျော်ရင်ထဲ လှိုက်ခနဲဖိုသွားမိ၏။ ရွှေမြို့တော်ကြီးသို့ လိုက်ပါရတော့မည့်ရက်များတွင် ရန္ဓပိုကျောင်းဆရာတော်ကြီးက လောကနီတိစာများကို အကိုးအကားပြုကာ ညစဉ်ညတိုင်း ဆုံးမစကားသြဝါဒများ ချီးမြှင့်ခဲ့လေရာ ရှေးအင်းဝစာဆို အရှင်ဥတ္တမကျော်၏ မင်းခယောက်ျား မင်းခံအမတ်ပြုလိုသူတို့အတွက် အရှင်သခင်မင်းမြတ်တို့ အလေးထား အားကိုးထိုက်အောင် ရည်ဆောင်ကျင့်ဝတ္တရား အကုန်အစင် ရဲထွတ်တင်စေရန် သွန်သင်ဆုံးမထားခဲ့သည့် သြဝါဒလေးကို အပြေးအလွှား သတိရမိလေသည်။

“မုနိရာဇ၊ မိန့်တော်ဟာသား၊ နရမှန်ကင်း၊ မင်းနှင့်ရဟန်း၊ ထွေဆန်းတလီ၊ မွေနှင့်မီးကို၊ မကြီးငယ်ဟု၊ နှလုံးမပြု၊ ဂရုမထင်၊ မဆန့်ကျင်နှင့်၊ မမြင်ရန်မိတ်၊ မင်းတို့စိတ်ကား၊ ငယ်ချိတ်မထား၊ ဆံတစ်ဖျားမျှ၊ မမှားသာပေ၊ မှားရောက်ချေသော်၊ ကပ်လေမူပြစ်၊ ဖွဲပြာဖြစ်မျှ၊ ပြစ်ရာဇဝတ်၊ ပေးလို့ချွတ်၏၊ ရေးကပ်ရာခဲ၊ တစ်ပွဲခွင့်သိ၊ လိုသင့်ဘိမူ၊ ခန့်ချိမြတ်လေး၊ အရှင်မွေးက၊ နီးဝေးအဲချီး၊ နေ့ချင်းကြီး၌၊ ထီးနှင့်မြှောက်စည်၊ လည်စလွယ်ပတ်၊ ရာကြီးတော်၏၊ မင်းမြတ်ခံလို၊ လုလင်ပျိုတို့၊ သည်သို့ရည်မှတ်၊ မင်းလေးမြတ်အောင်၊ ကျင့်စက်ကုန်တွင်၊ စုံစေ့ချင်သည်၊ ပုံပြင်ခင်းကျင်းရှည်စေမင်း”နီတိလင်္ကာလေးကို နှုတ်တက်ရွရွရွတ်ဆိုမိ၏။

ဆရာတော်က မင်းခယောက်ျား၊ လုလင်သားတို့အတွက် ရေးထားခဲ့သည်ဆိုသော် စံနက်ကျော်မှာ “ငါ့ကိုများ ဆုံးမထားခဲ့လေသလား”ဟု တွေးမိသည်။ စာအဓိပ္ပာယ်များမှာ မင်းခယောက်ျား ပြုလိုသူတို့သည် မင်းမူထမ်းတို့ တတ်အပ်သောပညာရပ်မျိုးစုံကိုလည်း တတ်ကျွမ်းရမည်။

လူရည်လူကဲမှအစ သဘာဝရေမြေတောတောင် ၄င်္ကျေးသာရကာ တိရစ္ဆာန်တို့၏ ဘာဝကိုလည်း ကျွမ်းဝင်နှံ့စပ်ရမည်။ သို့မှသာလျှင် မင်းလည်းချစ်ခင် သခင်လည်းမြှောက်စား အားထားလောက်သည့် ကျွန်ရင်းအဖြစ် ညွှန်တွင်းမနစ် တောက်ကြွားလောက်ဖျား ဂုဏ်ရည်ပြည့်၏ လက်ရုံးအဆုံးမရှိကြွယ်ဝဘိသည်ဟုဆိုမိန့်ခဲ့၏။

ထို့အတွက် နန်းမူရေးရာ ကိုယ်ခံပညာမှအစ နှုတ်စနှုတ်ရေး ကြွယ်ဝရေးအတွက်လည်း သူ့ကိုအရာပေးခဲ့သည့် ဘဘဘုရား ဦးကျော်ရွှေးမျက်နှာကို စေ့စေ့ဖူးမြော်အရည်တော်တို့အတွက် နှလုံးရည်မှတ် အထပ်ထပ်ဖြင့် စံနက်ကျော် ကျေးဇူးတင်ဦးခိုက်မဆုံး ရှိလေသည်။

အရှင့်သမီးတော်လေး ဝိဇာတမင်္ဂလာအခါတော်နေ့က ဒေါ်မယ်ဖြူဝယ်ပေးထားသော ချည်ပဝါခေါင်းပေါင်းကလေးနှင့် ချည်ချောရင်ဖုံးအင်္ကျီလေးကို သူ့ဘဘဘုရား ဦးကျော်ရွှေးချီးမြှင့်ထားသော ဝိတ်တောင်ရှည်နှင့်တွဲဝတ်ကာ သူ့ဘဝအတွက် အရေးပါသည့် ပထမဆုံးသော ရွှေနန်းတော်ညီလာခံသဘင်ကြီးသို့ လိုက်ခဲ့လေသည်။

စံနက်ကျော်၏ ပထမဆုံးတွေ့ကြုံခွင့်ရသော ရွှေနန်းတော်ညီလာခံသဘင်ကြီးမှာ ကုလားဖြူတို့၏ ဘုံဘောဘားမားကုမ္ပဏီက သစ်ခိုးသောအရေး၊ အထက်အင်းတော်ကြီး၌ မိုင်းခွဲငါးဖမ်းကြသည့် အင်္ဂလိပ်လူမျိုးများကို ကသာမြို့ဝန် မင်းထင်စည်သူက ဖမ်းဆီးထားသော အရေးများအပြင် ကင်းဝန်မင်းကြီးဦးကောင်းခေါင်းဆောင်သော ပြင်သစ်ပြည်သွား သံအဖွဲ့ချုပ်ဆိုခဲ့ကြသည့် မိုးကုတ်ပတ္တမြားတွင်းများ တူးဖော်ခွင့် စာချုပ်များအရေးကို ဆွေးနွေးကြရမည့် နှစ်ပါးစုံ ညီလာခံသဘင်ကြီး ဖြစ်သည်။

ထို့ကြောင့် လွှတ်တော်တက် ဝန်ကြီးလေးပါးဖြစ်ကြသည့် ကင်းဝန်မင်းကြီးဦးကောင်း၊ ရေနံချောင်းမင်းကြီး ဦးကြာဥ၊ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ တိုင်တားမင်းကြီးဦးဖြေတို့အပြင် ပုလဲမြို့စား မင်းတိုင်ပင်အမတ် အဘယအသခ်ယာဦးသိုက်နှင့် ရွှေနန်းတော်အတွင်းရောက် မှူးကြီးမတ်ကြီး၊ မင်းညီမင်းသားများ၊ စစ်မှူး၊ စစ်ကဲ၊ ဗိုလ်မှူး၊ ဗိုလ်မင်းများ၊ သက်ဆိုင်ရာသံအဖွဲ့များ မိမိတို့အုပ်စုအလိုက် နေရာယူခစားပြီး ကြချိန်တွင် ဘဝရှင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ဦးကျော်ရွှေးတို့ ဝင်းမှူးကြီးလေးပါးခြံရံလျက် ညီလာခံသဘင် ဆင်ယင်ကျင်းပရာ ရွှေနန်းဆောင် သီဟာသနပလ္လင်တော်ပေါ်သို့ ကြွချီစံမြန်းတော်မူကြသည်။

ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီးက သီဟာသနပလ္လင်တော်ပေါ်၌ စံမြန်းတော်မူကြပြီး အလယ်နန်းမတော်မိဖုရားကြီးက လက်ဝဲဘက်ရှိ တစ်ဆင့်နိမ့်ပလ္လင်ထက်၌ တစ်ပါးတည်း စံတော်မူသည်။ နန်းတော်ကြီးတစ်ခုလုံး တိတ်ဆိတ်လျက် ယပ်တော်သွင်းတို့၏ တကျွိကျွိမြည်နေကြသော ယပ်သွင်းသံလေးများသာ စည်းချက်ကျကျကြားနေရသည်။

ရွှေနန်းတော်ကြီးမှာ ကြီးကျယ်ခမ်းနားလှသည်။ တိုင်လုံးကြီးများကို လူကြီးလက်ခုပ်တစ်ဖောင်ခန့်အထိ ရွှေသားအစစ်များဖြင့် ရွှေပိန်းချထားပြီး အပေါ်ပိုင်းများကို ရတနာကျောက်မျိုးစုံဖြင့် အမိုးမျက်နှာကျက်အထိ မှန်စီရွှေပိန်းချထား၏။ မျက်နှာကြက်တော်များကိုလည်း

ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီးက သီဟာသနပလ္လင်တော်ပေါ်၌ စံမြန်းတော်မူကြပြီး အလယ်နန်းမတော်မိဖုရားကြီးက လက်ဝဲဘက်ရှိ တစ်ဆင့်နိမ့်ပလ္လင်ထက်၌ တစ်ပါးတည်းစံတော်မူသည်။ နန်းတော်ကြီးတစ်ခုလုံး တိတ်ဆိတ်လျက် ယပ်တော်သွင်းတို့၏ တကျွိကျွိမြည်နေကြသော ယပ်သွင်းသံလေးများသာ စည်းချက်ကျကျကြားနေရသည် . . .

ရွှေပြားအစစ်များဖြင့် အတိပြီးသော ကြာမှောက်ကြာလန် ပွင့်ဖတ်အချပ်ကြီးများဖြင့် အလှဆင်ထားသည်။

ရွှေမြို့တော်ကြီးသို့ ရောက်ကတည်းက ဘဘဘုရား အမြဲပြောပြသဖြင့် ရွှေနန်းတော်၊ စံနန်းတော်၊ မှန်နန်းတော်၊ နှံ့သာနန်းတော်၊ လွှတ်တော်လေးဆောင်၊ အဖူးမြော်ခံစနေဆောင်၊ တောင်ပန်းခုံတော် စသဖြင့် ကြားဖူးနေခဲ့သော်လည်း ယခုကဲ့သို့ ထိရက် တို့ရက် ကိုင်ရက်စရာမရှိအောင် ရွှေစင်ရွှေသား၊ ပတ္တမြား၊ နီလာ၊ သန္တာ၊ ပုလဲ၊ မြရွဲ၊ ဂေါ်မုတ်အစစ်များချည်း မွမ်းမံထားသော စံနန်းတော်ကြီးကို ယခုမှပင် စံနက်ကျော်မျက်ဝါးထင်ထင် မြင်တွေ့ရလေတော့သည်။

ခစားခွင့်နေရာကလည်း ကွာဝေးလှသဖြင့် ဘဝရှင်မင်းတရားကြီးနှင့် စကြာဒေဝီမိဖုရားခေါင်ကြီး၏ မျက်နှာတော်များကိုတော့ မော်ဖူးခွင့်ရခဲ့ခြင်းမရှိပေ။ ဘဘဘုရား ကိုယ်ဝတ်တော်အကွယ်မှ ရိပ်ခနဲ မြင်လိုက်ရသော အလယ်နန်းမတော်မိဖုရားကြီး၏ ခက်ထန်ထန်မျက်နှာတော်ကိုတော့ မထင်မှတ်ဘဲ မြင်ဖူးခဲ့သည်။

စံနက်ကျော်တို့အရှင် အိမ်ရှေ့စံ ကနောင်မင်းတရားနှင့် မိဖုရားခေါင်လှိုင်ထိပ်ခေါင်တင်မင်းသမီးကြီးကိုတော့ ညီလာခံမစမီ ရွှေနန်းတော်ခြေရင်း၌ နောက်တော်ပါများ အစီအစဉ်တကျ ခစားလျှောက်လှမ်းကြရန် အမှာတော်မိန့်စဉ်ကပင် အနီးကပ်ဖူးမြင်ပြီးဖြစ်၏။ ယခုလည်း မိမိတို့ရှေ့နား လက်ျာဘက်တစ်ဆင့်နိမ့်ပလ္လင်တော်ပေါ်တွင် စံမြန်းတော်မူနေကြသော အရှင်နှစ်ပါး၏ ကြည်လင်သောမျက်နှာတော်များကို စိတ်ကျေနပ်အောင် ဖူးမြော်ခွင့်ရခဲ့သည်။ **ဆက်လက်ဖော်ပြပါမည်။**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် သောက်သုံးရေနှင့်စိုက်ပျိုးရေရှားပါးမှုမရှိစေရေး သထုံမြို့နယ် ဝါးပါးရေလှောင်တမံကို ရေပိုလွှဲအမြင့် ၃ ပေမြှင့်တင်၍ ရေသိုလှောင်နိုင်ရေးဆောင်ရွက်ထားရှိ



မော်လမြိုင် အောက်တိုဘာ ၁၂

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အပေါ် သောက်သုံးရေနှင့်စိုက်ပျိုးရေရှားပါးမှုမရှိစေရေးအတွက် သထုံမြို့နယ် ဝါးပါးရေလှောင်တမံကို ရေပိုလွှဲ အမြင့် ၃ ပေမြှင့်တင်၍ ရေသိုလှောင်နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည်ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံ ကြံခိုင်မှုရှိစေရေးနှင့် ရေပေးဝေနိုင်ရေး စနစ်တကျ အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ သထုံမြို့နယ် ထောင်မှူးကျေးရွာ ကွင်းအမှတ်- ၅၁၄ ကျီတီကွင်း မြေဧရိယာ ၄၅ ဧကပေါ်တွင် သုဝဏ္ဏမွေးမြူရေးဇုန် ဆောင်ရွက်မည့် မြေနေရာကိုလည်းကောင်း၊ ကြာပန်းကျေးရွာရှိ အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) Rubber Technology Shop ရှိ စာတွေ့လက်တွေ့ခန်းများကိုလည်းကောင်း၊ သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကြီး သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အပေါ်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအနေဖြင့် အပူရှောင်စခန်း အမှတ် (၁) ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့်တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြုစောင့်ရှောက်ထိန်းသိမ်းသွားရန်လို



နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်လေဆိပ်သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုိင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားဘော်လီဘောပြိုင်ပွဲ အကြိုဖိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကိုလက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့်မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ **စာမျက်နှာ ၁၈ ကော်လံ ၁ ■**

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၁၂

ဧရာဝတီ တိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏တမံပေါ်မှာ တမံအလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှု ဆည်ရေများ လျော့ချလျက်ရှိပြီး **စာမျက်နှာ ၂၀ ကော်လံ ၃➢**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့ည‌နေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ အောက်တိုဘာလ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/၉လ)

M League 2026 U-20 လူငယ်လိဂ်တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့နိုင်ပွဲရ

ရန်ကုန် အောက်တိုဘာ ၁၂

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉) ပထမနေ့ပြိုင်ပွဲများကို ယနေ့ည‌နေပိုင်းတွင် သတ်မှတ်အားကစားကွင်းများ၌ အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲရပြီး **စာမျက်နှာ ၂၀ ကော်လံ ၅▼**



ဆောင်းပါး

အာဟာရပြည့်ဝဖို့ ကြက်သားနှင့် ကြက်ဥကို ပိုမိုထုတ်လုပ်စို့ စာ - ၁၃ သို့

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

စာ - ၂၈ သို့